# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၀၃)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည် ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ပြည်ပနိုင်ငံကြီးအချို့ မြန်မာနိုင်ငံ၏တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုကိုမျက်ကွယ်ပြု ကမ္ဘာ့နိုင်ငံများက အထင်အမြင်လွဲမှားအောင် မီဒီယာကိုလက်နက်သဖွယ်အသုံးပြုနေ မိမိတို့မြန်မာနိုင်ငံ၏ ပကတိအေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု တပ်မတော်၊ ပြည်သူနှင့်အစိုးရ တစ်စိတ်တစ်ဝမ်းတည်းရှိနေမှု ပြန်လည်ထုတ်လွှင့်ပြသ




ရန်ကုန် မေ ၂၃

**မြဝတီရုပ်မြင်သံကြား ကောဒသမ နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက် မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် မြဝတီရုပ်မြင်သံကြား၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။**

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုးနှင့် ဗိုလ်ချုပ်ခင်အောင်မြင့်၊ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ မြဝတီနှင့် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆုနှင့် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိကြသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် နှစ်ပတ်လည် မြဝတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရ မာလာဝင်း(မြစ်သာစည်)အား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

**လျင်မြန်စွာဖွံ့ဖြိုးတိုးတက်**

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၀၆ခုနှစ် မတ်၂၇ရက်သည် မြန်မာ့တပ်မတော်၏ (၆၁)နှစ်မြောက် တပ်မတော်နေ့ဖြစ်သကဲ့သို့ မြဝတီရုပ်မြင်သံကြား၏ (၁၁)နှစ်ပြည့် ***စာမျက်နှာ ၆ ကော်လံ ၁*** ❐

**မြန်မာ့အလင်း**

**ဆောင်းပါး၊ အင်တာနက်သတင်း နှင့် ဓာတ်ပုံအညွှန်း**

❑ **ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် ၁၉၈၉ ခုနှစ်မှစ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အမျိုးသားရေးမူဝါဒတစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မည်သည့်ခေတ်အခါနှင့်မျှမတူသော အောင်မြင်မှုများရရှိခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာဖြင့် ပြည်နယ်၊ တိုင်း နေရာဒေသအနှံ့အပြားတွင် တည်ငြိမ်အေးချမ်းသွားခဲ့သည်။**

မြင့်စိုး (နတလ) ၏ ဆောင်းပါး (စာ-၁၀)



**တိမ်တိုက်များကိုလေ့လာမည့် ဂြိုဟ်တုနှစ်လုံး နာဆာအဖွဲ့က မကြာမီ လွှတ်တင်မည်။**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၆)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

24-4 (01).p65 1 1/6/32, 1:37 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

# ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အောင်မြင်ရေး နိုင်ငံတော်နှင့်ပြည်သူ ပူးပေါင်းလက်တွဲဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ၂၂ရက်နေ့က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတနှင့် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက−

**“ဒီမိုကရေစီကို ပါးစပ်ဖျားဖြင့် အလွယ်တကူပြောပြီး တည်ဆောက်နေ၍မရကြောင်း၊ ဒီမိုကရေစီကို စည်းကမ်းတကျ မတည်ဆောက်နိုင်ပါက လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒများ လွှမ်းမိုးသွားပြီး ပျက်စီးသွားနိုင်သည့် အန္တရာယ်ရှိကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီဟုဆိုရာ၌ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဟု မိမိတို့အဓိပ္ပာယ်ရှိရှိ ပြောဆိုနေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီထွန်းကား တည်တံ့ရေးအတွက် လိုအပ်သောအခြေခံကောင်းများကို အသွင်ကူးပြောင်းရေးကာလ၌ ခိုင်ခိုင်မာမာ ထူထောင်ထားနိုင်ရန် လိုအပ်ကြောင်း”**

လမ်းညွှန်မှာကြားခဲ့သည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူစဉ်အချိန်မှစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်လာရေးဟူသည့် အမျိုးသားရေး ရည်မှန်းချက်ချမှတ်၍ နေ့မအားညမနား ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ပြီးမြောက်အောင် အကောင်အထည်ဖော်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ညင်သာချောမွေ့စွာ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း အတိအလင်း ချမှတ်ပြီး ဦးတည်ချက်ရှိရှိ၊ အစီအစဉ်ရှိရှိ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နေသည်။

နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီ အသွင်ကူးပြောင်းနိုင်ရေးအတွက် ပထမဆုံးလိုအပ်ချက်ဖြစ်သည့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတစ်ဝန်းလုံး အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးမှုရှိနေစေရန် အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေးကို ရရှိအောင် တည်ဆောက်နိုင်ခဲ့သည်။ ရပ်ရွာဒေသအေးချမ်း တည်ငြိမ်မှုမရှိပါက မည်သည့်စနစ်ကိုမျှ တည်ဆောက်၍ မရနိုင်ပေ။

ဆက်လက်၍ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ဒုတိယလိုအပ်ချက်ဖြစ်သည့် နိုင်ငံတော်၏ စီးပွားရေး ခိုင်မာတောင့်တင်းပြီး စီးပွားရေးအခြေခံကောင်းများရရှိစေရန် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန် ကြိုးပမ်းတည်ဆောက်ခဲ့သည်။

ယင်းနောက် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် တတိယလိုအပ်ချက်ဖြစ်သည့် တိုင်းရင်းသား ပြည်သူများ၏ အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်ပြီး အတွေးအခေါ်ပိုင်း ရင့်သန်ခိုင်မာ မြင့်မားနေစေရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ဒီမိုကရေစီ၏ သဘောတရားကို မှန်မှန်ကန်ကန် သိရှိနိုင်ရန်အတွက် ပြည်သူများ အသိပညာ၊ အတတ်ပညာ မြင့်မားနေစေရန် နိုင်ငံတော်က ပြုစုပျိုးထောင်ပေးနေသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အခြေခံလိုအပ်ချက်များ မပြည့်စုံခဲ့သည့်အတွက် မိမိတို့နိုင်ငံ၌ ၁၉၄၈ခုနှစ် မှ ၁၉၆၂ခုနှစ်အထိ ကျင့်သုံးခဲ့သော ပါလီမန် ဒီမိုကရေစီသည်လည်းကောင်း၊ ၁၉၆၂ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်ဒီမိုကရေစီသည်လည်းကောင်း ရေရှည် မတည်တံ့နိုင်ဘဲ ပျက်သုဉ်းခဲ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် လိုအပ်သော အခြေခံကောင်းများကို ခိုင်မာမှုရှိစေရန် ထူထောင်ပေးလျက်ရှိသည့်အလျောက် ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ် ဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ပူးပေါင်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြီးမှူး သက်ကြီးပူဇော်ပွဲကျင်းပ၊ ထောက်ပံ့ငွေများ လှူဒါန်း

နေပြည်တော် ဧပြီ ၂၃

**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် နဝမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက် မွန်းလွဲ၂နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီး အရာရှိကြီးများ၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်ကြီး မြို့ပေါ်ရပ်ကွက်များမှ အသက် (၈၀)နှင့်အထက် ကန်တော့ ခံ သက်ကြီးအဘိုးအဘွား ၄၇၈ဦးနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ရှိခိုးကန်တော့**

အစီအစဉ်အရ တိုင်းမှူးနှင့် တက်ရောက်လာကြသူ များက ကန်တော့ခံအဘိုးအဘွားများအား ရှိခိုးကန်တော့ ကြရာ ကန်တော့ခံအဘိုးအဘွားများကိုယ်စား အဘိုး ဦးစံရီက ဆုတောင်းမေတ္တာ ပြန်လည်ပို့သသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် တောင်ကြီးမြို့နယ်ဥက္ကဋ္ဌ ဦးဇော်လွင်က သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကန်တော့ခံ အဘိုး အဘွား ၄၇၈ဦးကို ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း ကြသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်များမှ အသက်(၈၀)နှင့်အထက် အဘိုး ၁၇၈ဦး၊ အဘွား ၃၀၀ စုစုပေါင်း၄၇၈ဦးတို့အား အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင် များနှင့် အလှူရှင်အသီးသီးတို့က စုစုပေါင်း ငွေကျပ် ၄၇၈၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီးဦးဖေသန်း ဧရာဝတီမြစ်ကြောင်း စစ်ဆေး

ရန်ကုန် ဧပြီ ၂၃

**ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၁၉ရက်က စစ်ကိုင်းတိုင်း ဝါးညှပ်ကမ်းပါး ထိန်းသိမ်းရေးလုပ်ငန်းများကို သွားရောက်စစ်ဆေးပြီး မြစ်ရေမတိုးမီ ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများ အပြီးဆောင်ရွက်သွားကြရန် မှာကြားသည်။**

**မှာကြား**

ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ဧရာဝတီမြစ်ကြောင်းအတိုင်း ရေယာဉ်ဖြင့် ဆန်တက်ခဲ့ပြီး တပ်ရွာ မြစ်ရေတင် စီမံကိန်းသို့ သွားရောက်၍ မိုးကြိုကာလ ရေခေါ်လုပ်ငန်း ဆောင် ရွက်မည့် အစီအမံများကို သွားရောက် စစ်ဆေးပြီး မိုးတွင်းကာလအတွင်း မိမိဆောင်ရွက်မှုကြောင့် အကျိုး သက် ရောက်မှုရှိစေရန်နှင့် လာမည့်ရေနည်း ကာလတွင် စိုက်ပျိုးရေးစီမံကိန်း အတွက် လိုအပ်မည့် မြစ်ရေတင် စိုက်ပျိုးမှုကို အပြည့်အဝ ပံ့ပိုးကူညီ သွားရန်၊ ဖြည့်စွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို မြစ်ရေမတိုးမီ အပြီး ဆောင်ရွက်ထားကြရန် မှာကြား သည်။

ဧပြီ၂၀ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြင်းမူမြို့နယ် ရွာသစ်မြစ် ရေတင်စက် နှင့် နတ်စင်ကျောက် ရေကြောင်းကို သွားရောက်၍ ရေကြောင်းအဟန့် အတားဖြစ်စေမည့် ကျောက်ပုံများ ဖယ်ရှားမှုနှင့် ရေကြောင်းထိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၄-၄-၂၀၀၆**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ခါသကြိန်အဆိုအကများ
၇း၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄း၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၅။ ခါသကြိန်အဆိုအကများ
၄း၂၅ ၆။ လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၈။ မျိုးချစ်တပ်မတော်
၄း၅၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀ ၁၀။ ခါသကြိန်အဆိုအကများ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်းရတနာ”** (အပိုင်း−၃၄)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ကျန်းမာသုတ
၂၁။ မေးမြန်းစူးစမ်း
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကောင်းကင်သိုင်းကွက်”** (အပိုင်း−၂၃)

**ရန် ကုန် မြို့ ကမ္ဘာအေး ဝါယာ လက်၃လမ်း အမှတ် ၃၉၀ နေ ကွယ်လွန်သူ ဦးကျော်လွင် (နှစ်ဖက်လှ) ညွှန်ချုပ် (ငြိမ်း) အား ရည်စူး၍ ဇနီး ဒေါ် အေးအေးမော် သား သမီး မြေး တစ်စု တို့က ဆွမ်းပဒေသာ ပင် အတွက် ငွေ ကျပ် တစ် သိန်း ကို နှင်း ဆီ ကုန်း ဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေး အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။**




(က−ပ)

## ဦးသိန်းဝင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စာရင်းမှပယ်ဖျက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကျင်းပရေးကော်မရှင်
ကြေညာချက်အမှတ် (၁၆၆၂)
(၁၃၆၈ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်)
(၂၀၀၆ခုနှစ်၊ ဧပြီလ ၂၁ ရက်)

အကြောင်းအရာ။ ။ **ကွယ်လွန်အနိစ္စရောက်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးသိန်းဝင်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူစာရင်းမှ ပယ်ဖျက်ခြင်း။**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးသိန်းဝင်းသည် ၂၀၀၆ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသဖြင့် ဦးသိန်းဝင်းအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူစာရင်းမှ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**အေးမောင်**
**(အတွင်းရေးမှူး)**

## ဦးစောဌေးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကျင်းပရေးကော်မရှင်
ကြေညာချက်အမှတ် (၁၆၆၃)
(၁၃၆၈ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်)
(၂၀၀၆ခုနှစ်၊ ဧပြီလ ၂၁ ရက်)

အကြောင်းအရာ။ ။ **ဦးစောဌေးအား မန္တလေးတိုင်း စဥ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း။**

၁။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မန္တလေးတိုင်း စဥ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူဦးစောဌေးက မိမိသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်အဖြစ်ရပ်တည်စဥ်က ပါတီနိုင်ငံရေးသန့်သန့်သာဆောင်ရွက်ခဲ့ပါကြောင်း၊ လူပုဂ္ဂိုလ်အစွဲဖြင့် ပါတီနိုင်ငံရေးပြုလုပ်ခဲ့ခြင်းမဟုတ်ပါကြောင်း၊ ယနေ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပုဂ္ဂိုလ်ရေးအာဃာတများ၊ ဂိုဏ်းဂဏကွဲပြားနေမှုများကြောင့် အဖွဲ့ချုပ်ပါတီပေါ်တွင် စိတ်ကုန်ခန်းလာခဲ့ခြင်း၊ အဖွဲ့ချုပ်ပါတီတစ်ဖွဲ့လုံးသည် 'ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်' ဟူသော စကားရပ်ကို ဆန့်ကျင်၍ အနောက်မျှော်ဝါဒကိုကျင့်သုံးကာ အနောက်နိုင်ငံများကိုအားကိုး၍ ပြည်တွင်းစည်းလုံးညီညွတ်မှုကို ဥပေက္ခာပြုနေခဲ့ကြမှုတို့ကြောင့် မိမိသည် ၆–၃–၂၀၀၆ရက်နေ့မှစ၍ မန္တလေးတိုင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ်မှလည်းကောင်း၊ စဥ့်ကူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်အဖြစ်မှလည်းကောင်း အပြီးအပိုင်နုတ်ထွက်လိုက်ပါကြောင်း၊ နိုင်ငံတော်၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် မူဝါဒလမ်းစဥ် (၇)ရပ်နှင့်အမျိုးသားညီလာခံကြီးကို ထောက်ခံကြိုဆိုပါကြောင်းဖော်ပြ၍ နုတ်ထွက်လွှာကို ယင်း၏ဆန္ဒအလျောက် မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် ဤကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အထက်ပါ ဦးစောဌေး၏ တင်ပြချက်အရ ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (c)နှင့်အညီ ဦးစောဌေးအား ယနေ့မှစ၍ စဥ့်ကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**အေးမောင်**
**(အတွင်းရေးမှူး)**



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အား ထိုင်းနိုင်ငံ စွမ်းအင်ရေးရာဝန်ကြီးဌာန ဝန်ကြီး H.E Mr. Vised Choopiban လာရောက် တွေ့ဆုံစဥ်။ (လျှပ်စစ်စွမ်းအား)

## ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အား ထိုင်းစွမ်းအင်ဝန်ကြီးတွေ့ဆုံ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**ရန်ကုန် ဧပြီ ၂၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အား ထိုင်းနိုင်ငံစွမ်းအင်ရေးရာဝန်ကြီးဌာန ဝန်ကြီး H.E Mr. Vised Choopiban သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Suphot Dhirakaosal၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၀နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒုတိယဝန်ကြီးဦးကျော်သူ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ သစ်တောနှင့် သတ္တုပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးခဲ့

ရန်ကုန် ဧပြီ ၂၃

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာချန်ကျန်း၏ ဖိတ်ကြားချက်အရ ဧပြီ၁၉ရက်မှ ၂၃ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ကျင်းပသည့် မြန်မာ–တရုတ်နှစ်နိုင်ငံ သစ်တောနှင့်သတ္တုပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်ဖက်ကုန်သွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်ပြီးနောက် ဧပြီ ၂၃ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးဦးကျော်သူသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာချန်ကျန်း နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးခဲ့**

ဒုတိယဝန်ကြီး ဦးကျော်သူသည် ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာလျို့ပင်းနှင့်လည်းတွေ့ဆုံကာ နယ်စပ်ဒေသစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများလည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၄–၄–၂၀၀၆ရက် (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၅ ၆။ အကပဒေသာ
၁၇:၁၅ ၇။ အတီးပြိုင်ပွဲ
၁၇:၂၅ ၈။ မြန်မာစာ မြန်မာစကား
၁၇:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၀ ၁၀။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ"** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ–ခင်ဇော်၊ မြင့်စိုး(ဝ/သ ရန်ကုန်) ]
၁၇:၅၀ ၁၁။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀ ၁၂။ ညနေခင်းသတင်း
၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၈:၄၅ ၁၅။ တေးဂီတအစီအစဉ်
၁၉:၀၀ ၁၆။ မြန်မာမှုပန်းဆယ်မျိုး (ပန်းတမော့)
၁၉:၀၅ ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာနုနု"** (အပိုင်း–၅)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"** (အပိုင်း–၇)
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

## ရတနာသီရိကျောင်းတိုက် ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် ဧပြီ ၂၃**

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ချောင်းကြီးတိုက်နယ် ဇီးဖြူကုန်း ဘားလင်းကျေးရွာ ရတနာသီရိဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တသုမန၏ မေတ္တာရိပ်ကိုခိုလှုံ၍ ဒုတိယအကြိမ်မြောက် ကျင်းပဖွင့်လှစ်အပ်သော ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီးဥပနိဿယ သမထဝိပဿနာအကျင့်ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၂၇ရက်မှ မေ၃ရက်အထိ ကျင်းပမည်ဖြစ်ရာ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တဥဇ္ဇောတ (သာသနတက္ကသီလ မဟာဓမ္မာစရိယ)နှင့် ဆရာမကြီးဒေါ်ခင်အေး(စူဠအာဘိဓမ္မိကဝိသိဋ္ဌ ကလျာဏဉာဏဓဇ) တို့က ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်ယောဂီများ အထက်ပါရိပ်သာကျောင်းသို့ ဧပြီ ၂၆ရက် ညနေ၅နာရီ အရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။

**(က–ပ)**

## ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ နေ့လယ်ပိုင်းတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့်ဓာတ်ဆီ လဲလှယ်ထည့်စဉ် ပွတ်တိုက်မှုနှင့် သဘာဝတည်ငြိမ် လျှပ်စစ်ဖြစ်ပေါ်မှုကြောင့် မီးလောင်မှု ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန် ဓာတ်ဆီထည့်ခြင်းမှ သတိပြုရှောင်ကြဉ်ကြပါရန် မီးသတ်ဦးစီးဌာနက နှိုးဆော်အပ်ပါသည်။



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အိတ်ဆဲလ် ကုမ္ပဏီက ထုတ်လုပ်လိုက်သည့် လျှပ်စစ်မော်တော်ဆိုင်ကယ်တစ်စီးကို ဧပြီ ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# မျက်မမြင်များအတွက် အဆင့်မြင့်နည်းပညာသုံး လမ်းလျှောက်တုတ် အိန္ဒိယ၌တီထွင်

နယူးဒေလီ ဧပြီ ၂၃

**အိန္ဒိယနိုင်ငံ ဒေလီမြို့နည်းပညာသိပ္ပံဌာန(အိုင်အိုင်တီ)သည် နိုင်ငံအတွင်းရှိ မျက်မမြင် လူကိုးသန်းအတွက် လမ်းလျှောက်ရန်နှင့် ကားရထားဖြင့် အသွားအလာလုပ်နိုင်ရန်အတွက်အဆင့်မြင့်နည်းပညာသုံး လမ်းလျှောက်တုတ်ကို တီထွင်လိုက်ပြီဖြစ်ကြောင်း အင်ဒို-အာရှသတင်းဌာနက ဧပြီ ၂၁ရက်တွင် ဖော်ပြသည်။**

စက္ကူအာရုံ ချို့ယွင်းသူများသည် "ဟန်ကျပန်ကျရှိသည့်ကြိမ်လုံး"ဟု အမည်ရသည့် အဆိုပါလမ်းလျှောက်တုတ်ကို အသုံးပြု၍ ဘတ်စ်ကားများဖြင့် သွားလာခြင်း၊ အခန်းထဲတွင် တစ်ခုခုကိုလှမ်း၍ခေါက်ကြည့်ရန်မလိုဘဲ သွားလာခြင်းနှင့် အရေးပေါ်ကြုံပါက စိတ်ချလက်ချ ဖြတ်သန်းသွားလာခြင်းများကို လွယ်လွယ်ကူကူ ပြုလုပ်နိုင်ရန် အထောက်အကူပေးနိုင်ကြောင်း အိုင်အိုင်တီ ကွန်ပျူတာသိပ္ပံဌာနက ဖော်ပြသည်။

## အသံလှိုင်းအသုံးပြု

ယင်းကြိမ်လုံးကို အပိုင်းနှစ်ပိုင်းခွဲခြားကာ ပြုလုပ်ထားပြီး တစ်ခုမှာ အဟန့်အတားများကို သိရှိရန် တုန်ခါမှုနည်းပညာကို အသုံးပြုထားပြီး အခြားတစ်ခုမှာ ဘတ်စ်ကားဖြင့် မြို့တွင်းသွားလာရာတွင် လျှပ်တပျက်နှုန်းလွန် အသံလှိုင်းကို အသုံးပြုခြင်းဖြစ်သည်။

စုံစမ်းဖော်ထုတ်မှုနှင့် အချက်ပြတုန်ခါမှု ကိရိယာပါရှိသော အဆိုပါကြိမ်လုံးကိုအသုံးပြု၍ ဒူးအထက်ရှိ သုံးမီတာအကွာအဝေးမှ အတားအဆီးများ၏ အထူအပါး အနိမ့်အမြင့်များအတွက် လမ်းညွှန်အတိုင်း သွားလာနိုင်ပြီး ဘတ်စ်ကားစီးရာတွင်လည်း ဝါယာလက် နည်းစနစ်များ၊ အချက်ပြတုန်ခါမှုစနစ်များ၊ ဘက်ထရီဓာတ်ခဲသုံး စကားပြောခွက်များ၏ အကူအညီဖြင့် ဘတ်စ်ကား၏လမ်းကြောင်း၊ ဝင်ပေါက်ထွက်ပေါက်စသည့် အချက်အလက်များကို သိရှိနိုင်သည်။

## တီထွင်ဆောင်ရွက်

ယင်းနည်းပညာများကို အမျိုးသားမျက်မမြင်အသင်း(အင်န်အေဘီ)နှင့် ညှိနှိုင်းတိုင်ပင်ကာ အိုင်အိုင်တီ ကွန်ပျူတာသိပ္ပံဌာနမှ ကျောင်းသားများက တီထွင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**



စပိန်နိုင်ငံမြောက်ပိုင်း ဘာဂို့စ်မြို့တွင် တင်ဆက်ဖျော်ဖြေနေသည့် တရုတ်ကျွမ်းဘားအဖွဲ့၏ ပြကွက်ကို ဧပြီ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

**မြန်မာ့အလင်း**

**နိုင်ငံတကာ သတင်းများ**

# တရုတ်လေကြောင်းလိုင်းသစ် ရုရှားသို့ မကြာမီစတင်ပျံသန်းမည်

**ကွမ်ကျိုး ဧပြီ ၂၃**

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဆက်သွယ်မည့် လေကြောင်းလိုင်းသစ်တစ်ခုကို လာမည့်ဧပြီလ ၂၇ရက်တွင် စတင်၍ ထပ်မံဖွင့်လှစ်ပျံသန်းမည်ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။ တရုတ်နိုင်ငံတောင်ပိုင်းမှ လေယာဉ်သည် တရုတ်နှင့် အာကူတက်အကြား လေကြောင်းလိုင်းသစ်ကို ဧပြီ ၂၇ရက်ညတွင် စတင်ပျံသန်းခြင်းဖြင့် တရုတ်နှင့် ရုရှားနိုင်ငံအကြား လေကြောင်းဆက်သွယ်မှုမှာ ငါးခုမြောက်ရှိလာမည်ဖြစ်သည်။

## ပျံသန်းမည်

တရုတ်နိုင်ငံတောင်ပိုင်း လေကြောင်းလိုင်းမှ ဘိုရင်း ၇၅၇ လေယာဉ်သည် တနင်္လာနှင့်ကြာသပတေးနေ့တိုင်း နှစ်နိုင်ငံရှိ မြို့များသို့ ပျံသန်းမည်ဖြစ်ကြောင်း တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်၏မြို့တော် ကွမ်ကျိုးအခြေစိုက် လေကြောင်းလိုင်းကုမ္ပဏီက ပြောကြားသည်။

အဆိုပါလေယာဉ်သည် ပေကျင်းဒေသစံတော်ချိန် ညသန်းခေါင်ကျော် ၁နာရီ မိနစ်၂၀တွင်ထွက်ခွာပြီး အာကူတက်သို့ ၃နာရီ ၁၅ မိနစ်အကြာတွင် ရောက်ရှိမည်ဖြစ်သည်။ အလားတူပင် အာကူတက်မှ ဒေသစံတော်ချိန် နံနက်၄နာရီ ၅မိနစ်တွင် ထွက်ခွာပြီး ပေကျင်းသို့ ၃နာရီ ၁၅မိနစ်အကြာ၌ ရောက်ရှိမည်ဖြစ်သည်။

လောလောဆယ်တွင် တရုတ်နိုင်ငံတောင်ပိုင်းလေကြောင်းလိုင်းသည် တရုတ်နှင့်ရုရှားနိုင်ငံအကြား လေကြောင်းလိုင်း လေးလိုင်းဖြင့် ပျံသန်းလျက်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယ၌ လူ ၁၀၀ကျော် အစာအဆိပ်သင့်

**နယူးဒေလီ ဧပြီ ၂၃**

အိန္ဒိယနိုင်ငံအလယ်ပိုင်း မာဒါယာပရာဒေ့ရှ်၌ မင်္ဂလာဆောင်ညစာစားပွဲ အစားအစာများကို စားသောက်ပြီးနောက် လူ ၁၀၀ကျော် မူးဝေအော့အန်ခြင်းများဖြစ်ပွားခဲ့ရာငါးနှစ်အတွင်း ဒုတိယအကြိမ်မြောက် ဖြစ်ပွားခြင်း ဖြစ်ကြောင်း အင်ဒို-အာရှ သတင်းဌာနက ဧပြီ ၂၀ရက်တွင် ဖော်ပြသည်။

## တင်ပို့

၎င်းတို့အနက် လူ ၆၅ဦးကို ရက်လမ်ခရိုင်ရှိ ဆေးရုံသို့တင်ပို့လိုက်ရပြီး ကျန်လူများကို ရှေးဦးပြုစုနည်းဖြင့် ကုသပြီးနောက် ပြန်လွှတ်လိုက်ကြောင်း ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

## ဖော်ပြ

ဖြစ်ပွားခဲ့သည့် လူအများစုမှာ အစာအိမ်အူရောင်နာများ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စောစောပိုင်းကလည်း အဆိုပါခရိုင်ရှိ မင်္ဂလာဆောင်ညစာစားပွဲတစ်ခုမှာပင် အစားအစာများစားပြီးနောက် လူ ၃၅ဦးမှာ ယင်းသို့ဖြစ်ပွားခဲ့သေးကြောင်း ဆင်ဟွာက ဖော်ပြသည်။

ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားမှုကို အမှုဖွင့်ခဲ့ပြီး စစ်ဆေးစမ်းသပ်ရန်အတွက် အစားအစာနမူနာများကို ယူဆောင်သွားခဲ့ကြသည်။

**အမ်အင်အေ၊ ဆင်ဟွာ**




## အလှမယ်

**အမေရိကန်နိုင်ငံ ဘော်တီမိုးမြို့တွင်ကျင်းပသည့် အမေရိကန် အလှမယ်ပြိုင်ပွဲတွင် ပထမရရှိခဲ့သော အလှမယ်ကို ဧပြီ ၂၁ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဘရာဇီးနိုင်ငံ၏ တိရစ္ဆာန်များ၌ ခွာနာလျှာနာရောဂါဖြစ်ပွားနေ

**ဘရာဆီးလီးယား ဧပြီ ၂၃**

ဘရာဇီးနိုင်ငံတောင်ပိုင်း မာတိုဂရော့ဆို ဒူဆူးလ်ပြည်နယ်တွင် တိရစ္ဆာန်အကောင် ၂၀၌ ခွာနာလျှာနာရောဂါ ထပ်မံဖြစ်ပွားနေကြောင်း ဘရာဇီးအစိုးရက ဧပြီ ၂၀ရက်၌ အတည်ပြုပြောကြားသည်။

တိရစ္ဆာန် ၁၃၇ကောင်ကို စစ်ဆေးကြည့်ခဲ့ရာ ၂၀တွင် ယင်းရောဂါဖြစ်ပွားနေကြောင်း တွေ့ရှိခဲ့သည်။ ယခုအပတ်ထဲတွင် ရောဂါကူးစက်နေသော တိရစ္ဆာန်များကို သုတ်သင်ရှင်းလင်းပစ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ နိုင်ငံတွင် ခွာနာလျှာနာရောဂါ ပြန်လည်ဖြစ်ပွားလာခြင်းကြောင့် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၄၇သန်း ကုန်ကျနိုင်ကြောင်း မာကိုဂရော့ဆိုဒူဆူးလ်ပြည်နယ် လယ်သမားများအဖွဲ့က ပြောကြားသည်။

## ကျဆင်း

ဗုဒ္ဓဟူးနေ့က ခွာနာလျှာနာရောဂါကူးစက်ပျံ့နှံ့နေကြောင်း ကောလာဟလသတင်းများထွက်ပေါ်လာချိန်တွင် ဆာအိုပေါ်လိုမြို့ အသားဈေးကွက်တွင် အမဲသားဈေးနှုန်းသည် ၁၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း သုတေသနဌာနတွင် နှစ်ဝက်ဆောင်းခိုပြီးနောက် ရေကန်အတွင်းသို့ ပြန်လွှတ်ရန် သယ်ဆောင်လာသော မိကျောင်းတစ်ကောင်ကို ဧပြီ ၂၁ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)





တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ်တွင် ကျင်းပသည့် (၂၃)ကြိမ်မြောက် နိုင်ငံတကာစွန်လွှတ်ပွဲတော် အခမ်းအနား၌ ရိုးရာဝတ်စုံဖြင့် ပါဝင်ဆင်နွှဲနေသူတစ်ဦးကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ကိန်းရုပ်ရှင်ပွဲတော်တွင် တရုတ်ရုပ်ရှင်သုံးကား ပါဝင်ယှဉ်ပြိုင်မည်

ပါရီ မေ ၂၃

**(၅၉)ကြိမ်မြောက် ကိန်းရုပ်ရှင်ပွဲတော်တွင် တရုတ်ရုပ်ရှင်ကားသုံးကား ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကိန်းရုပ်ရှင်ပွဲတော်ဖြစ်မြောက်ရေး ကြီးမှူးသူများက ပါရီမြို့တွင် မေ ၂၁ရက်က ကြေညာသည်။**

ပြင်သစ်နိုင်ငံတွင် မကြာမီ ကျင်းပတော့မည့် ကိန်းရုပ်ရှင်ပွဲတော်သို့ တရုတ်ရုပ်ရှင်ကားသုံးကား ဖြစ်သည့် ဒါရိုက်တာလုရီရိုက်ကူးသည့် " Summer Palace"၊ ဒါရိုက်တာ ဝမ်ချီရိုရိုက်ကူးသည့် "Luxury Car"၊ ဒါရိုက်တာ စာတိန်းရီဂတ် ရိုက်ကူးသည့် "Gwaiwik" ရုပ်ရှင်ကားတို့ဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ ကြီးကြပ်ရေးမှူးများက ပြောကြားသည်။

### ရေပန်းအစားဆုံး

ကိန်းရုပ်ရှင်ပွဲတော်၌ ယခုအချိန်တွင် ရေပန်းအစားဆုံး ရုပ်ရှင်ကားများမှာ စပိန်ဒါရိုက်တာ ပီဒရိုအယ်မိုဒိုဗာ ရိုက်ကူးသည့်"Volver"၊ အမေရိကန် ဒါရိုက်တာ ဆိုဖီယာ ကော်ပိုလာ ရိုက်ကူးသည့် "Marie- Antoninette"၊ မက္ကဆီကို ဒါရိုက်တာ အလီဂျန်ဒရိုဂွန်ဇာလက်ဇ် ရိုက်ကူးသည့် "Babel "ရုပ်ရှင်ဇာတ်ကားတို့ဖြစ်သည်။

အခြားရုပ်ရှင်ကားများမှာ "The Wind That Shakes, The Barley"၊ "H Calmano "၊ "Selon Charlie"၊"Fast Food Nation" ရုပ်ရှင်ဇာတ်ကားတို့ဖြစ်သည်။

ယခုနှစ်တွင် ကိန်းရုပ်ရှင်ပွဲတော်အတွက် ဟောင်ကောင်ဒါရိုက်တာ ဝမ်ကာဝီဦးဆောင်သော အကဲဖြတ်က ဦးစီးဆောင်ရွက်မည်ဖြစ်ပြီး ၎င်းသည် ကိန်းရုပ်ရှင်ပွဲတော်တွင် ပထမဆုံး ဦးဆောင်ဦးရွက်ပြုရသော တရုတ်အမျိုးသားတစ်ဦးလည်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ရုရှား၌ ဆောက်လုပ်ရေးလုပ်ငန်းခွင် မီးလောင် အလုပ်သမား ၁၁ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

**မော်စကို မေ ၂၃**

ရုရှားနိုင်ငံ မော်စကိုမြို့အနီး ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် အလုပ်သမားများ အိပ်ပျော်နေစဉ် မီးလောင်မှုဖြစ်ပွားရာ အလုပ်သမား ၁၁ဦး သေဆုံးခဲ့ရကြောင်း အင်တာဖက်စ်သတင်းဌာနက မေ ၂၀ရက်၌ သတင်းထုတ်ပြန်သည်။

မော်စကိုမြို့ မြောက်ဘက်ကရာဆိုနိုရိုရစ်မြို့ရှိ အဆောက်အအုံတစ်ခု ဆောက်လုပ်ရေးလုပ်ငန်းတွင် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ပြီး အလုပ်သမားလေးဦးမှာ ဆေးရုံသို့တင်ပို့ပြီး ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

သေဆုံးသူအလုပ်သမားများမှာ ရုရှားနိုင်ငံမှ အလုပ်သမားများဖြစ်ပြီး၊ စွမ်းအင်ဆိုင်ရာ အဆောက်အအုံတစ်ခု တည်ဆောက်နေရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

## နိုင်ငံတကာသတင်းများ

## နေရောင်ခြည်၌ ခရမ်းလွန်ရောင်ခြည်ပါဝင်မှု များပြားလာ

**အော့တာဝါ မေ ၂၃**

ယခုနှစ်တွင် ကမ္ဘာမြေသို့ ကျရောက်သည့် နေရောင်ခြည်သည် အလွန်အန္တရာယ်များကြောင်း နေရောင်ခြည်တွင်ပါဝင်သည့် ခရမ်းလွန်ရောင်ခြည်ပါဝင်မှုမှာ ယခင်ထက်လေးရာခိုင်နှုန်းတိုးမြှင့်ပါဝင်နေသဖြင့် အန္တရာယ်ကြီးမားကြောင်း ကနေဒါနိုင်ငံရှိ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ရေးရာကျွမ်းကျင်သူများက သတိပေးပြောကြားလိုက်သည်။

### ပိုမိုများပြား

ကမ္ဘာကြီးကို အကာအကွယ်ပေးထားသည့် အိုဇုန်းလွှာအနေအထားမှာလည်း ပါးလွှာလျက်ရှိနေကြောင်း၊ ထိုအချိန်တွင် အန္တရာယ်ကြီးမားသော ခရမ်းလွန်ရောင်ခြည် ကျရောက်မှုမှာလည်း ယခုနှစ်တွင် လေးရာခိုင်နှုန်း ပိုမိုများပြားလာသဖြင့် ခရမ်းလွန်ရောင်ခြည်များ မြေပြင်သို့ကျရောက်မှု များပြားလာကြောင်း ကနေဒါနိုင်ငံ သိပ္ပံနှင့်ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနက မေ ၂၁ ရက်၌ ပြောကြားလိုက်သည်။

ထို့ကြောင့် နေရောင်ခြည်မှ အကာအကွယ်ရရန် ပြုမူနေထိုင်ရမည်ဖြစ်ပြီး ဦးထုပ်များ၊ ထီးများနှင့် နေရောင်မှ အကာအကွယ်ပေးနိုင်သည့် ပစ္စည်းများကို အသုံးပြုကြရန်လည်း ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ရေးရာ ကျွမ်းကျင်သူများက အကြံပြုထားသည်။ **အမ်အင်အေ၊ရိုက်တာ**

## အင်ဒိုနီးရှား အာချေးပြည်နယ်၌ ငလျင်လှုပ်

ဂျကာတာ မေ ၂၃

**အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်အနောက်ဘက် ကမ်းရိုးတန်းတွင် မေ ၂၁ ရက်သောကြာနေ့က ရစ်ချ်တာစကေး ၄ ဒသမ ၂ ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း၊ ယင်းမြေငလျင်မှာ မေ ၂၀ရက် ကြာသပတေးနေ့တွင် အင်အားပြင်းငလျင်နှစ်ခုလှုပ်ပြီးနောက်ပိုင်း လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာနက ပြောကြားသည်။**

အဆိုပါမြေငလျင်သည် အာချေးပြည်နယ်မြို့တော် ဘန်ဒါအာချေး၊ အာချေးစီလာတန်၊ အာချေးဘာရက်ဒါယာ၊ နာဂန်ရာယာ၊ အာချေးဂျယာ၊ အာချေးဘာရက်မြို့များ အပါအဝင် အခြားနေရာများစွာ၌ မြေငလျင်လှုပ်မှုဒဏ်ခံခဲ့ရကြောင်း ဒေသဆိုင်ရာ ဘူမိဗေဒဌာနက သတင်းထုတ်ပြန်သည်ကို အင်တာရာသတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျွန်းစုပေါ်များသော နိုင်ငံဖြစ်ပြီး ပစိဖိတ်ဒေသတွင် မီးတောင်အပေါ်များဆုံးနိုင်ငံလည်းဖြစ်သည်။ ငလျင်ဇုန်အတွင်း ကျရောက်နေသဖြင့် နေ့စဉ်နီးပါး ငလျင်လှုပ်မှုဖြစ်ပေါ်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မေ ၂၀ ရက် ကြာသပတေးနေ့က လှုပ်ခဲ့သော မြေငလျင်မှာ ၄ဒသမ ၈နှင့် ၅ ဒသမ ၈ အဆင့်ရှိသော မြေငလျင်များဖြစ်ပြီး သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းသိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ထရပ်ကားတစ်စီးကိုဆွဲပြီး ဂင်းနက်စ်စံချိန်တင်

**ကုန်တန်ချိန် အပြည့်တင်ထားသော ထရပ်ကားတစ်စီးကို ဆွဲပြနေသူတစ်ဦးအား တွေ့ရစဉ်။**(အောက်ပုံ)

ဩစတြေးလျနိုင်ငံသား ဒီရက်ဗိုယာဆိုသူသည် ကုန်တန်ချိန် ၄၅ တန် တင်ဆောင်ထားသော ထရပ်ကားတစ်စီးကို မီတာ ၃၀ကျော် အကွာအဝေးရောက်အောင် ဆွဲပြနိုင်ခဲ့သဖြင့် ကုန်တန်ချိန်အလေးဆုံးပါရှိသော ထရပ်ကားဆွဲနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခံရမည်ဖြစ်သည်။ **(အင်တာနက်)**





## ဘီစီ ၄၀၀ ခန့်က ပန်းအိုး

**ဘီစီ၄၀၀ခန့်က ပြုလုပ်ခဲ့သော ပန်းအိုးတစ်အိုးကို တွေ့ရစဉ်။** (အပေါ်ပုံ)

အဆိုပါပန်းအိုးကို ဂရိနိုင်ငံ အေသင်မြို့အနီးတွင် မြေအောက်မှတွေ့ရှိခဲ့ခြင်းဖြစ်ပြီး လက်ရာမြောက်သော ခြယ်သမွမ်းမံမှုများဖြင့် လှပအောင်ပြုလုပ်ထားသည်။ ရုပ်ပုံများနှင့် အရောင်သုံးစွဲမှုများမှာ ခေတ်မီဆန်းသစ်နေသဖြင့် ရှေးခေတ် ဂရိလူမျိုးတို့၏ အနုပညာလက်ရာ အဆင့်အတန်းမြင့်မားမှုကို ဖော်ပြလျက်ရှိသည်။ **(အင်တာနက်)**

## ဥရုဂွေး၌ ယာဉ်တိုက်မှုဖြစ်ပွား ၁၂ဦးသေဆုံး၊ ၃၀ ဒဏ်ရာရရှိ

**မွန်တီဗီဒီအို မေ ၂၃**

ဥရုဂွေးနိုင်ငံ တောင်ပိုင်းတွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် ကုန်ကားတစ်စီး တိုက်မှုဖြစ်ပွားခြင်းကြောင့် လူ၁၂ ဦးသေဆုံးခဲ့ရပြီး ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက မေ ၂၀ ရက်၌ ပြောကြားသည်။

ယင်းယာဉ်တိုက်မှုသည် ဥရုဂွေးမြို့တော် မွန်တီဗီဒီအို၏ အရှေ့မြောက်ဘက် ၁၃၇ ကီလိုမီတာရှိ ဆန်ဂျန်စင်တိုဒေသတွင် ဗုဒ္ဓဟူးနေ့ ည ၇ နာရီခွဲ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘတ်စ်ကားသည် အပျော်ခရီးထွက်လာကြသော ခရီးသည် ၄၄ ဦး တင်ဆောင်လာကြောင်း သိရသည်။

သေဆုံးသူများကို ယခုတိုင်မည်သူမည်ဝါဖြစ်သည်ကို အတည်မပြုနိုင်သေးကြောင်း အာဏာပိုင်များက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

❐ ရှေ့ဖုံးမှ

နှစ်ပတ်လည်အခမ်းအနားနေ့လည်း ဖြစ်ပါကြောင်း၊ မြဝတီ ရုပ်မြင်သံကြား နှစ်ပတ်လည်အခမ်းအနားနှင့်အတူ မြဝတီစာပေတိုက်၏ ၂၀၀၅ ခုနှစ်အတွက် နှစ်ပတ်လည် အကောင်းဆုံးဓာတ်ပုံဆုနှင့် စာမူဆုများချီးမြှင့်ပွဲ အခမ်းအနားလည်း ဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါမှာ ကမ္ဘာ့နိုင်ငံ အသီးသီးဟာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကို အပြိုင်အဆိုင် ဆောင်ရွက်နေကြတဲ့ အချိန်အခါဖြစ်တဲ့အတွက် ယနေ့ခေတ်ကို နည်းပညာ ခေတ်ဟု တင်စားသတ်မှတ်နေကြသည့်အချိန်လည်းဖြစ်ပါကြောင်း၊ နည်းပညာများသည် အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေကြောင်း။

မြန်မာနိုင်ငံတွင်လည်း တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဆောင်ရွက်နေသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

### အချိန်နှင့်တစ်ပြေးညီ

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူနည်းပညာကို အသုံးချပြီး ကမ္ဘာ့တစ်နေရာက သတင်းအချက်အလက်ကို အခြားသော ကမ္ဘာ့နေရာအသီးသီးကိုအချိန်နဲ့ တစ်ပြေးညီ ပို့ဆောင်ပေးနိုင်ခြင်းဖြင့် သတင်းလက်ဦးမှုရယူဆောင်ရွက်နေခြင်းကိုလည်း တွေ့မြင်ရမှာ ဖြစ်ကြောင်း။



တစ်နည်းအားဖြင့် လူထုဆက်သွယ်ရေးယန္တရားဟာ နည်းပညာများနှင့်အတူ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေတာဖြစ်တဲ့အတွက် ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းဆိုတဲ့ မီဒီယာဟာလဲ လူထုထဲကို အချိန်နဲ့ တစ်ပြေးညီ ရောက်ရှိနေရာယူလာတာကို တွေ့ရမှာ ဖြစ်ကြောင်း။

နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘာ့နိုင်ငံအချို့ဟာ စစ်ရေး၊ စီးပွားရေးနဲ့ နည်းပညာ သာလွန်မှုတွေနဲ့ အပေါ်စီးယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဗိုလ်ကျစိုးမိုးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းများ ပြုလုပ်နေသလို မီဒီယာလမ်းကြောင်းကနေ ၎င်းတို့ရဲ့ အရှိန်အဝါ ဩဇာလွှမ်းမိုးမှုရရှိအောင် ဆောင်ရွက်နေတာတွေ့ရမှာဖြစ်ကြောင်း။

### လုပ်ကြံထုတ်လွှင့်

ယနေ့ ပြည်ပနိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံရဲ့ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုတွေကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် အခြားကမ္ဘာ့နိုင်ငံများက အထင်အမြင်လွဲမှားအောင် မီဒီယာကို လက်နက်သဖွယ် အသုံးပြုနေသလို ပြည်တွင်းမှာလဲတိုင်းရင်းသား စည်းလုံးညီညွတ်မှု အားနည်းအောင်၊ ပြည်ထောင်စုစိတ်ဓာတ်ပြိုကွဲအောင်၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုမရှိအောင် မဟုတ်မမှန်ကောလာဟလသတင်းတွေကို လုပ်ကြံထုတ်လွှင့်နေတာလည်း အားလုံးအသိပဲဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ၎င်းတို့ရဲ့ အတွေးအခေါ်၊ အယူအဆများနဲ့ ယဉ်ကျေးမှုစနစ်များကို သွတ်သွင်းပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုနဲ့ စရိုက်လက္ခဏာတွေ ပျက်သုဉ်းအောင်လဲ ပြုလုပ်နေတာကို တွေ့မြင်ရမှာ ဖြစ်ကြောင်း။

ထို့အတူ ပြည်တွင်းပြည်ပအဖျက်သမားတွေကို ကူညီအားပေးပြီး မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ရပ်တန့်ပျက်စီးအောင် လုပ်ဆောင်နေတာကိုလဲတွေ့ရမှာဖြစ်ကြောင်း။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြဝတီရုပ်မြင်သံကြား ကောဒသမနှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

### လူထုဆက်သွယ်ရေးလုပ်ငန်း

ဤကဲ့သို့ နိုင်ငံကြီးအချို့က မမှန်မကန်တဲ့ သတင်းအချက်အလက်တွေကို လိမ်ညာထုတ်လွှင့်ပြီး နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေတဲ့အချိန်မှာ မိမိတို့မြန်မာနိုင်ငံရဲ့ ပကတိအေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၊ တပ်မတော်၊ ပြည်သူနဲ့ အစိုးရတို့ တစ်စိတ်တစ်ဝမ်းတည်းရှိနေမှုတွေကို ပြန်လည်ထုတ်လွှင့်ပြသရေးသားပြီး ပြည်သူတစ်ရပ်လုံးကို အမှန်အတိုင်း သိရှိစေဖို့အတွက် လုပ်ဆောင်နိုင်တာကတော့ မီဒီယာဟုခေါ်သည့် လူထုဆက်သွယ်ရေးလုပ်ငန်းပဲ ဖြစ်ကြောင်း။

မီဒီယာများတွင် ရုပ်မြင်သံကြားနဲ့ စာနယ်ဇင်းသည် ပြည်သူလူထုအတွင်း သတင်းပြန်ကြားမှုနဲ့ ပညာပေးမှုမှာ အထိရောက်ဆုံးဆောင်ရွက်နိုင်တဲ့လူထုဆက်သွယ်ရေးလုပ်ငန်းဖြစ်ကြောင်း။

အဲဒီထဲမှာမှ ရုပ်မြင်သံကြားသည် လူထုပရိသတ်နဲ့အရင်းနှီးဆုံး မီဒီယာဖြစ်ကြောင်း၊ အထိရောက်ဆုံးလည်း ဖြစ်ကြောင်း။

### အောင်မြင်စွာထမ်းဆောင်

မြဝတီရုပ်မြင်သံကြားဟာ လူထုဆက်သွယ်ရေးလုပ်ငန်းမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပြီး ပြည်သူတစ်ရပ်လုံးကို စိတ်ချမ်းသာပျော်ရွှင်ဖို့နဲ့ မှန်ကန်တဲ့သတင်းအချက်အလက်များကို အချိန်မီသိရှိစေဖို့အတွက် ဖျော်ဖြေပေးရန်၊ ပညာပေးရန်နဲ့ ပြန်ကြားပေးရန်ဆိုတဲ့ တာဝန်တွေကို အောင်မြင်စွာ ထမ်းဆောင်လာတာ ယခုဆိုရင် (၁၁)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်တယ်။

ဒီကာလအတွင်းမှာ ပြည်သူအားလုံးရဲ့ ချစ်ခင်မှု၊ အားပေးမှုကို နှစ်စဉ်နဲ့အမျှ တိုးတက်ရရှိခဲ့ကြောင်း။

### ခေတ်နှင့်လျော်ညီစွာ

ယင်းကဲ့သို့ အောင်မြင်မှုရရှိနေခြင်းသည် တာဝန်ရှိသူအဆင့်ဆင့်ရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ စစ်သည်၊ ဝန်ထမ်းတွေရဲ့ ကြိုးစားအားထုတ်မှုအပြင် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနဲ့ ပုဂ္ဂလိကမီဒီယာများရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့်လဲဖြစ်ကြောင်း ပြောကြားလိုကြောင်း၊ ရရှိထားတဲ့ အောင်မြင်မှုတွေကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော်နဲ့ပြည်သူတွေကို အကျိုးပြုတဲ့ အစီအစဉ်တွေကို ခေတ်နဲ့လျော်ညီစွာ ထုတ်လွှင့်သွားနိုင်အောင် ကြိုးစားဆောင်ရွက်ဖို့လိုအပ်ကြောင်း။

ဒီကနေ့ ဆုချီးမြှင့်ခြင်းခံရတဲ့ စစ်သည်၊ ဝန်ထမ်းတွေဟာ တစ်နှစ်အတွင်း ကြိုးစားအားထုတ်ခဲ့တဲ့ အတွက်ရရှိလာတဲ့ ရလဒ်အဖြစ် ထိုက်တန်စွာ ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း၊ ဆုရရှိသူများသည် ဂုဏ်ယူစိတ်နဲ့ လုပ်ငန်းတွေကို ပိုမိုကြိုးစားဖို့ လိုအပ်သလို ကျန်သည့် စစ်သည်၊ ဝန်ထမ်းတွေကလည်း ဆက်လက်ကြိုးစားရင်း မြဝတီရုပ်မြင်သံကြား ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

ဒီနေ့အခမ်းအနားတွင် မြဝတီစာပေတိုက်က နှစ်စဉ်ကျင်းပပေးနေတဲ့ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနဲ့ မြဝတီ၊ ငွေတာရီမဂ္ဂဇင်းတို့မှာ ဖော်ပြခဲ့တဲ့ တစ်နှစ်အတွင်း အကောင်းဆုံး ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းဆုများကိုလည်း ချီးမြှင့်ပေးအပ်သွားမှာဖြစ်ကြောင်း။

### စာပေအနုပညာကဏ္ဍဖွံ့ဖြိုးတိုးတက်

စာပေအနုပညာဟာ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ ဩဇာအရှိန်အဝါကြီးမားလှကြောင်း၊ ဒါကြောင့် စာပေအနုပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မြဝတီစာပေတိုက်ဟာ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွင်း အရည်အသွေးတောက်ပြောင်တဲ့ ပညာရှင်များကို ယခုလို စာပေနဲ့ ဓာတ်ပုံဆိုင်ရာဆုများ နှစ်စဉ်ချီးမြှင့်ပေးအပ်နေခြင်းပင် ဖြစ်ကြောင်း။

၁၉၅၂ ခုနှစ် နိုဝင်ဘာလမှာ စတင်တည်ထောင်ခဲ့တဲ့ မြဝတီစာပေတိုက်ဟာ ယခုဆိုရင် သက်တမ်း(၅၃)နှစ်ကျော်လွန်ခဲ့ပြီ ဖြစ်ကြောင်း၊ မြဝတီမဂ္ဂဇင်းကို စတင်ထုတ်ဝေစဉ်ကတည်းက ဓာတ်ပုံလက်စွမ်းပြကဏ္ဍအဖြစ် ဓာတ်ပုံပညာရှင်ကြီးများ၏ ဓာတ်ပုံပြိုင်ပွဲကို နှစ်စဉ်ထည့်သွင်း ဆောင်ရွက်ခဲ့ခြင်းသည် ထူးခြားတဲ့ ဝိသေသတစ်ခုပဲ ဖြစ်ကြောင်း။

### ဆက်လက်ရှင်သန်

မြဝတီစာပေတိုက်အနေနဲ့ လွန်ခဲ့တဲ့ (၄၅)နှစ်ကာလ ၁၉၆၁ ခုနှစ် အောက်တိုဘာလကစပြီး ငွေတာရီမဂ္ဂဇင်းကိုလွှဲပြောင်းရယူပြီး ဆက်လက်ထုတ်ဝေခဲ့ကြောင်း၊ ငွေတာရီမဂ္ဂဇင်း

*စာမျက်နှာ ၇ ကော်လံ ၁*

## အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

## တိမ်တိုက်များကို လေ့လာမည့်ဂြိုဟ်တုနှစ်လုံး နာဆာအဖွဲ့က မကြာမီလွှတ်တင်မည်

**ကယ်လီဖိုးနီးယား မေ ၂၃**

နာဆာ၏ ဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားမည့် ဒုံးပျံလွှတ်တင်ခြင်းကို ဆက်သွယ်ရေးပြဿနာတစ်ခုကြောင့် လာမည့် စနေနေ့ အထိတိုင်အောင် ရွှေ့ဆိုင်းထားမည်ဖြစ်ကြောင်း နာဆာအဖွဲ့က ပြောကြားလိုက်သည်။

### ရွှေ့ဆိုင်းခဲ့ရ

ကလောက်ဆက်နှင့် ကယ်လစ်ဆိုဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်ထားသည့် ဘိုးရင်းဒယ်လ်တာတူး ဒုံးပျံကို ဧပြီ ၂၁ ရက်ကလွှတ်တင်ရန် ကြိုးစားခဲ့ရာ မလွှတ်တင်မီ ၄၈ စက္ကန့်တွင် ဆက်သွယ်ရေးစနစ် ချို့ယွင်းခဲ့သဖြင့် အစီအစဉ် ရွှေ့ဆိုင်းလိုက်ရသည်ဟု ဆိုသည်။



အပေါ်ပုံမှာ အထူးရေဒါတပ်ဆင်ထားသော ကလောက်ဆက်ဂြိုဟ်တုက မိုးတိမ်များ၏ အရည်အသွေး ကို လေ့လာတိုင်းတာနေခြင်း ဖြစ်သည်။ ယင်းကို ပန်းချီဆရာက ကွန်ပျူတာ နည်းပညာသုံး၍ ပုံဖော်ရေးဆွဲတင်ပြထားခြင်း ဖြစ်သည်။ ကယ်လစ်ဆိုဂြိုဟ်တုသည် ပြင်သစ်နိုင်ငံနှင့် အဆက်အသွယ်ဖြတ်တောက်သွားခဲ့ကြောင်း၊ ၎င်းဒုံးပျံလွှတ်တင်ခြင်းကို စနေနေ့နံနက်တွင် ပြန်လည်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

### ချိတ်ဆက်ထား

အဆိုပါ ဂြိုဟ်တုနှစ်လုံးသည် တိမ်တိုက်များ၏ ဖွဲ့စည်းဖြစ်ပေါ်ပုံနှင့် ရာသီဥတုကို မည်သို့ အကျိုးပြုပုံကို အသေးစိတ် လေ့လာတင်ပြနိုင်မည်ဟု ဆိုသည်။ ယင်းဂြိုဟ် တု နှစ် လုံးသည် ကမ္ဘာ့လေထုကို လေ့လာနေသော အခြား ဂြိုဟ်တုသုံးလုံးနှင့်လည်း ချိတ်ဆက်ထား မည် ဖြစ်ကြောင်းသိရသည်။

ကလောက်ဆက်နှင့် ကယ်လစ်ဆို ဂြိုဟ်တုနှစ်လုံးကို ယမန်နှစ်က လွှတ်တင်ရန် စီစဉ်ထားခဲ့သော်လည်း နည်းပညာ အခက်အခဲများကြောင့် လွှတ်တင်ခြင်း မပြုလုပ်နိုင်ခဲ့ဘဲဖြစ်ခဲ့ရကြောင်း နာဆာအဖွဲ့က ပြောကြားသည်။

**(ကိုးကား-အင်တာနက်)**

## မာရသွန်အပြေးသမားများ ရေများများသောက်၍မပြေးသင့်

**လန်ဒန် မေ ၂၃**

ယခုသီတင်းပတ်တွင် လန်ဒန်မာရသွန်အပြေးပြိုင်ပွဲကျင်းပတော့မည်ဖြစ်ရာ ရေဆာတတ်သော မာရသွန်အပြေးသမားများအား ပြိုင်ပွဲပါဝင်ဆင်နွှဲနေချိန်တွင် ရေအလွန်အကျွံသောက်မထားရန် သတိပေးပြောကြားလိုက်သည်။

ယင်းကဲ့သို့ ရေအလွန်အကျွံသောက်ထားခဲ့မိ၍ နောက်ဆုံးပန်းဝင်ချိန်တွင် သတိလက်လွတ်ဖြစ်ကာ လဲကျခဲ့သဖြင့် ဆုနှင့်လွဲခဲ့ရသော အပြေးသမားများစွာရှိကြောင်း အဆိုပါ လေ့လာချက်က မာရသွန် အပြေးသမားများအား ပညာပေးနှိုးဆော်ထားသည်။




### သေဆုံးနိုင်

မာရသွန် အပြေးသမားများအနေဖြင့် ရေအလွန်သောက်ထားလျှင် လဲကျကာ ဦးနှောက်ရေလျှံ၍ သေဆုံးနိုင်ကြောင်း လေ့လာချက်တစ်ရပ်က သတိပေးလိုက်သည်။

### ကိုယ်အပူချိန်ကျဆင်း

အဆိုပါလေ့လာချက်ကို တော်ဝင်လူမှုရေးဆိုင်ရာဆေးဂျာနယ်က ၂၀၀၃ ခုနှစ် မာရသွန်ပြိုင်ပွဲအပြီး လူနာ၁၄ဦးအား လေ့လာခဲ့ရာ ကိုယ်အပူချိန်အလွန်အမင်းကျဆင်းနေခြင်းကို တွေ့ရှိခဲ့သည်ဟုဆိုသည်။

မာရသွန်အပြေးသမားများ ပြိုင်ပွဲ ဝင်နေစဉ်အတွင်း ရေအလွန်သောက်မိသဖြင့် နောက်ဆုံး ပန်းဝင်ချိန်တွင် ရောဂါလက္ခဏာများ ပေါ်လာတတ်ကြောင်း လန်ဒန်မာရသွန်ဆေးညွှန်ကြားရေးမှူး ဒေါက်တာဒန်တွန်စတဲလ်ပီဒိုးက ပြောကြားသည်။

လူနာတစ်ဦးသည် မာရသွန်ပြိုင်ပွဲ ကျင်းပသည့် ငါးနာရီအတွင်း ရေ၁၃ လီတာသောက်ခဲ့သဖြင့် ရောဂါလက္ခဏာများခံစားခဲ့ရကြောင်း၎င်းက ပြောကြားသည်။

**(ကိုးကား-အင်တာနက်)**

# နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးကို သယ်ပိုးရင်း ထက်မြက်မြင့်မားသည့် မီဒီယာလုပ်ငန်းဖြစ်အောင် ကြိုးပမ်း

စာမျက်နှာ ၆ မှ

အနေနဲ့ မြန်မာစာပေ လောကမှာ သက်တမ်းရင့် ဂုဏ်သိက္ခာရှိ မဂ္ဂဇင်းကြီး တစ်စောင်အဖြစ် ဆက်လက်ရှင်သန်နေတာပဲဖြစ်ကြောင်း။

မြဝတီနဲ့ငွေတာရီမဂ္ဂဇင်းနှစ်စောင်စလုံးသည် မြန်မာစာပေလောကမှာ သိက္ခာရှိတဲ့ တန်ဖိုးရှိ မဂ္ဂဇင်းနှစ်စောင်ဖြစ်ပြီး ဝါရင့်စာပေပညာရှင်များကိုမွေးထုတ်ပေးနိုင်ခဲ့တဲ့ အစဉ်အလာ ကြီးမားတဲ့ မဂ္ဂဇင်းကြီးများလဲ ဖြစ်ကြောင်း။

## တန်ဖိုးထားရေးသားအားထုတ်

ယနေ့ဆုချီးမြှင့်ခြင်းခံရတဲ့ ပုဂ္ဂိုလ်များဟာ မိမိတို့ရဲ့ စာပေနဲ့ ဓာတ်ပုံအနုပညာအပေါ် တန်ဖိုးထား ကြိုးစားအားထုတ်မှုနဲ့ မြဝတီစာပေတိုက်အပေါ် ထားရှိသည့် သံယောဇဉ်တို့ကြောင့် ယခုလို လေးစားစွာ ဂုဏ်ပြုချီးမြှင့်မှုကို ခံယူရရှိတာဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ဒီကနေ့ကျင်းပတဲ့ အခမ်းအနားမှာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့် စာပေဆု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုများ၊ တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဆုများရရှိသူ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများ၊ မြဝတီရုပ်မြင်သံကြားမှ စစ်သည်၊ ဝန်ထမ်းများနဲ့ စာပေပညာရှင်များကို ဆုချီးမြှင့်မည့်အပြင် မြဝတီရုပ်မြင်သံကြားနဲ့ မြဝတီစာပေတိုက်အပေါ် သံယောဇဉ်ကြီးစွာနဲ့ ပံ့ပိုးကူညီခဲ့တဲ့ ပုဂ္ဂိုလ်များကိုပါ ဂုဏ်ပြုမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုသည်မှာ–

- **မြဝတီ ရုပ်မြင်သံကြားနဲ့ မြဝတီ စာပေတိုက်တို့သည် နိုင်ငံတော်နဲ့ ပြည်သူလူထု အကျိုးကို သယ်ပိုးရင်း ထက်မြက်မြင့်မားတဲ့ မီဒီယာလုပ်ငန်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးက ချမှတ်ပေးထားတဲ့ ရည်မှန်းချက်တာဝန်တွေကို တိတိကျကျ လိုက်နာပြီး**

### ဂုဏ်သိက္ခာရှိသည့် မီဒီယာလုပ်ငန်းများ ဖြစ်အောင် ကြိုးစားကြရန်

တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် မှာကြားသည်။

## ဆုများပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ ခုနှစ် နှစ်ပတ်လည် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုရ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ ဒုတိယဆုရ မာလာဝင်း (မြစ်သာစည်)၊ တတိယဆုရ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှု)တို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီးနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အကောင်းဆုံးကင်မရာ ရိုက်ကူးဆုရ ဒုတိယအရာခံဗိုလ်ဇော်မင်းလတ်၊ အကောင်းဆုံးကင်မရာရိုက်ကူးဆုရ အရာခံဗိုလ် (အစားခန့်) ရွှေမိုးဦး၊ အကောင်းဆုံး တည်းဖြတ်ဆုရ ဒုတိယအရာခံဗိုလ် (အစားခန့်)ဥမ္မာမြင့်၊ အကောင်းဆုံး ထုတ်လုပ်ရေးမှူးဆုရ တပ်ကြပ်ကြီး (အစားခန့်)သီတာမို့မို့လွင်၊ အကောင်းဆုံး ထုတ်လုပ်ရေးမှူးဆုရ ဒုတိယအရာခံဗိုလ် (အစားခန့်)စန်းစန်းထွေး၊ အကောင်းဆုံး အစီအစဉ်မှူး ဆုရ တပ်ကြပ်ကြီး (အစားခန့်)သဲနုအေး၊ အကောင်းဆုံး ကွန်ပျူတာကျွမ်းကျင်



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အကောင်းဆုံးဝတ္ထုတိုဆုရ သောင်းဝေဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုရ ဒုတိယ အရာခံဗိုလ်(အစားခန့်) ခင်ခင်စန်း၊ အကောင်းဆုံး သတင်းကြေညာသူဆုရ တပ်ကြပ်ကြီး(အစားခန့်) အေးမင်းမင်းကိုနှင့် စက်မှုဆိုင်ရာ ချီးမြှင့်ငွေများကို စက်မှုဌာနမှ ဗိုလ်ကြီးတင်ဝင်းတို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မြဝတီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုရ ကာတွန်းအောင်ကျော်၊ အကောင်းဆုံး ကဗျာဆုရ မောင်သော်မော်၊ အကောင်းဆုံး ဝတ္ထုတိုဆုရသောင်းဝေဦး၊အကောင်းဆုံးဝတ္ထုရှည်ဆုရ ရွှေသဥ္စာ၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံး ကဗျာဆုရ မောင်စောထွန်း (ကျောင်းကုန်း)၊ အကောင်းဆုံး ဝတ္ထုတိုဆုရ ခင်မိုးယံ၊ အကောင်းဆုံးဝတ္ထုရှည်ဆုရ ယုဝတီခင်စိန်လှိုင်တို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲတွင် ဝတ္ထုရှည်ပထမဆုရ မြဝတီစာပေတိုက်မှ ဗိုလ်ကြီးတင်အောင်စိုး၊ ဝတ္ထုတိုပထမဆုရ ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး) မှ ဗိုလ်ကြီးနေလင်းနှင့် ဝတ္ထုတိုဒုတိယဆုရ ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး)မှ တပ်ကြပ်ညွန့်ရင်တို့အားလည်းကောင်း၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီစစ်ရေးတေးသီချင်းပြိုင်ပွဲတွင် စစ်ရေးတေး ဒုတိယဆုရ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်ဝင်းထွန်းနှင့် စစ်ချီတေးဒုတိယဆုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တေးရေးပြိုင်ပွဲတွင် တတိယဆုရရှိသူ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ် (အစားခန့်) လေးနိုင်တို့အားလည်းကောင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တေးရေးပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီး မျိုးဝင်းအားလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်းက (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့်စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် အရာခံအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ ပထမဆုရပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ အရာခံဗိုလ်ကျော်အေး၊ အကြပ်အဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ ပထမဆုရ မြဝတီသတင်းစာတိုက်မှ တပ်ကြပ်ကြီး လှိုင်ဝင်း၊ တပ်သားအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ တတိယဆုရ အမှတ်(၁၀) တိုက်ပွဲဝင် စည်းရုံးရေး သင်တန်းကျောင်းမှ တပ်သားအောင်မင်းထွန်း၊ အရာရှိအဆင့် ကျပန်း စကားပြောပြိုင်ပွဲ တတိယဆုရ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်ကြီးသိန်းရွှေဝင်း၊ တပ်သားအဆင့် ကျပန်းစကားပြောပြိုင်ပွဲ တတိယဆုရ ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး)မှ တပ်သား ဇော်မင်းထွန်းတို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုးက တေရသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် အဆိုပြိုင်ပွဲ ဓမ္မပူဇာတေး(ပညာရှင်အဆင့်)ပထမဆုနှင့် ကာလပေါ်တေး (ပညာရှင်အဆင့်)တတိယဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်) ယဉ်ယဉ်ထွန်း၊ အကပြိုင်ပွဲ(ဝါသနာရှင်အဆင့်)ဒုတိယဆုရ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး(အစားခန့်)စန်းစန်းမော်၊ အတီးပြိုင်ပွဲ(နှဲ၊ ဝါသနာရှင်အဆင့်) တတိယဆုရ အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်မြင့်အောင်၊ အကပြိုင်ပွဲ(၁၀–၁၅နှစ်) ပထမဆုရ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (မင်္ဂလာဒုံ)မှ အဌမတန်းကျောင်းသူ မကြည်နူးပွင့်၊ အဆိုပြိုင်ပွဲ(ကာလပေါ်တေး)တတိယဆုရ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(မင်္ဂလာဒုံ)မှ အဌမတန်းကျောင်းသူ မနန်းရွှန်းအိတို့အားလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က အီဂျစ်အာရပ်သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရအမှတ် (၂)အခြေခံပညာ အထက်တန်းကျောင်း (မင်္ဂလာဒုံ)မှ နဝမတန်းကျောင်းသူ မဆုပန်စင်အား လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ စာပေပြိုင်ပွဲတွင် ဆောင်းပါး တတိယဆုရ ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး)မှ အရာခံဗိုလ်စန်းလွင်အား လည်းကောင်း၊ (၄၅)နှစ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆောင်းပါး ဒုတိယဆုရ တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ် (အစားခန့်)သက်ဦးအား လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အကောင်းဆုံးထုတ်လုပ်ရေးမှူးဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်) စန်းစန်းထွေးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဝတ္ထုရှည်ပထမဆုရ ဗိုလ်ကြီးတင်အောင်စိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အရာခံအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ ပထမဆုရ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ အရာခံဗိုလ်ကျော်အေးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## ဂုဏ်ပြုလက်ဆောင်ပေးအပ်

ယင်းနောက် တာဝန်ရှိသူများက မြဝတီရုပ်မြင်သံကြားတွင် အဘက်ဘက်မှ ပံ့ပိုး ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အတတ်ပညာရှင်များအား လည်းကောင်း၊ မြဝတီစာပေတိုက်တွင် ပံ့ပိုး ကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့် ဓာတ်ပုံပညာရှင်များအား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်သည်။

## တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

**❐ နည်းပညာတွေ ဖွံ့ဖြိုး တိုးတက်နေသည့် ကမ္ဘာ့နိုင်ငံအချို့ဟာ စစ်ရေး၊ စီးပွားရေးနဲ့ နည်းပညာသာလွန်မှုတွေနဲ့ အပေါ်စီးယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဗိုလ်ကျစိုးမိုးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းများ ပြုလုပ်နေသလို မီဒီယာ လမ်းကြောင်းကနေ ၎င်းတို့ရဲ့ အရှိန်အဝါ ဩဇာလွှမ်းမိုးမှုရရှိအောင် ဆောင်ရွက်နေတာတွေ့ရ။**

## ပင့်ဆောင်တင်လှူ

ထိုအချိန်တွင် အရံစေတီတော်များ၏ ထီးတော်များကို ရတနာပန်းတောင်းဖြင့် ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ယင်းသို့ပင်ဆောင် တင်လှူပူဇော်နေချိန်တွင် အဆိုတော် ဦးထွန်းရွှေနှင့် မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာစည်တော်သံများဖြင့် သီဆိုပူဇော်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးတို့က စေတီတော်ထီးတော်ရှိ စိန်ဖူးတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပေးသည်။ ထိုအချိန်တွင် ဆရာတော်သံဃာတော်များနှင့် ပရိသတ်တို့က ဇယန္တော ဇောဓိယာမူလေအစချီသော အောင်ဂါထာတော် နှစ်ပိုဒ်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

## ရွှေကြာသင်္ကန်းကပ်လှူ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းတို့က စေတီတော်အထွတ်၌ သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်ပြီး စေတီတော်အထွတ် ငှက်ပျောဖူး၌ ရွှေကြာသင်္ကန်းကို ကပ်လှူပူဇော်သည်။

ထို့နောက် ပရိသတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရာနှင့် အောင်စည် အောင်မောင်း ကိုးကြိမ်တီးမှုတ်ပူဇော်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က အောင်စေပိုင်စေသီချင်းဖြင့် သီဆိုပူဇော်ကြသည်။

## တံခွန်တိုင်ဖွင့်လှစ်

ထို့နောက် စေတီတော်ရင်ပြင်ရှိ တံခွန်တိုင်ဖွင့်လှစ်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက တံခွန်တိုင် အနီး၌ နေရာယူကြပြီးနောက် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တံခွန်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အဖွဲ့ဝင်များက တံခွန်တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။ ထိုအချိန်တွင်ပရိသတ်များက ဇယန္တော ဗောဓိယာမူလေ အစချီသည် အောင်ဂါထာ နှစ်ပိုဒ်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မဟာတေဇမုနိစေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

## ဆက်ကပ်

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် အဖွဲ့ဝင်များက စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ရှစ်ဆူတို့အား ရွှေကြာသင်္ကန်း၊ မြသပိတ်တော်၊ ဆွမ်း၊ သစ်သီး၊ ပန်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များထံ တံခွန်၊ ကုက္ကားစသည်တို့ကို ဆက်ကပ်ကြသည်။

ထို့နောက် ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်များက မဟာတေဇမုနိစေတီတော်နှင့် စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မဟာတေဇမုနိ စေတီတော် ပရိဝုဏ်အတွင်းရှိနဂါးရုံမုစလိန္ဒာ ရုပ်ပွား ဆင်းတုတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် အခမ်းအနားမှူးဒုတိယ ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဝေနေယျသတ္တဝါ အပေါင်းတို့အား အမျှပေးဝေပြီး နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

မဟာမင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာအချိန် နံနက် ၁၀ နာရီ၁၀ မိနစ်တွင် ဗောဓိပင်စိုက်ပျိုးခြင်း အခမ်းအနားကို ကျင်းပရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဗောဓိပင် စိုက်ပျိုးမည့် နေရာသို့ ရောက်ရှိနေရာယူကြသည်။

## ဗောဓိပင်စိုက်ပျိုး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်ပရိသတ်တို့က မဟာမင်္ဂလာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် ဗောဓိပင်စိုက်ပျိုးခြင်း အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း၊ အလှူရှင် ဦးကျော်ညွန့်တို့သည် မင်္ဂလာအချိန်တွင် ဗောဓိပင်ကို စိုက်ပျိုးပေးပြီး ဗောဓိပင်များကို ရေစင်ရေသန့် အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ရာ ဇယန္တော ဗောဓိယာမူလေ အစချီသော အောင်ဂါထာတော် နှစ်ပိုဒ်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းသည်။

မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးရာ မင်္ဂလာစည်တော်အဖွဲ့က အောင်စေ ပိုင်စေဖြင့် သီဆိုပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာ ၄၅ပါးတို့အား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် တာဝန်ရှိသူများက စေတီတော် ဂန္ဓကုဋိတိုက် အတွင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



**ဆက်ကပ်လှူဒါန်း**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ စိန်ဖူးတော်အား ဆရာတော်ထံ ဆက်ကပ် လှူဒါန်းစဉ်။**

(သတင်းစဉ်)

## ■ ကျောဖုံးမှ

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့နှင့်အတူ အဆိုပါ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မည့် နေရာသို့ နံနက်၆နာရီခွဲတွင် ရောက်ရှိကြသည်။

### ဖြည့်စွက်မှာကြား

ထို့နောက် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး အုပ်ချုပ်မှု ကော်မတီရုံးခန်း၌ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များအား သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး အုပ်ချုပ်မှု ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး (အငြိမ်းစား)က သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ရန် မြေနေရာရရှိမှု၊ တည်ဆောက်ရေးအတွက် ကော်မတီများဖွဲ့စည်းမှု၊ မြေသန့်မင်္ဂလာဆောင်ရွက်မှု၊ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားဆောင်ရွက်မှုနှင့် အလှူငွေရရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် နံနက်၇နာရီတွင် သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မည့် နေရာ၌ ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကိုကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အုတ်မြစ်တော်အလယ်ဗဟို၌ နဝရတ်ကိုးပါး စီခြယ်ထားသော ရတနာရွှေကြုတ်တော်ကို ထည့်သွင်းမြှုပ်နှံပေးပြီး ယင်းအပေါ်၌ ပတ္တမြားရတနာအုတ်ကို ဖုံးအုပ်ပေးသည်။

### ရတနာအုတ်များထည့်သွင်း

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက စိန်ရတနာအုတ်ကို လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက မိမိတို့နေ့နံအလိုက် ရတနာအုတ်များကို လည်းကောင်း အသီးသီး ထည့်သွင်းပေးကြသည်။

ထို့နောက် အခမ်းအနားမှူးက မော်ကွန်းကမ္ပည်းစာတမ်းကို ဖတ်ကြားပြီး ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မော်ကွန်းကမ္ပည်းကျောက်စာကို အုတ်မြစ်တော် အလယ်ဗဟို၌ ဖုံးအုပ်ပေးသည်။

ယင်းနောက်သန်လျင်မြို့သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နံနက် ၇နာရီခွဲတွင် သာသနာ့ဗိမာန်တော်ကြီး ဆောက်လုပ်မည့် ဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

### အလှူငွေများပေးအပ်

အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေထံ အလှူရှင်များဖြစ်ကြသော သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် အောင်သီရိလမ်းနေ သီရိသုခမ္မသီဂီ ဆရာမကြီး ဒေါ်အေးအေးခန့်မိသားစုက ကွယ်လွန်သူမိဘများအား ရည်စူး၍ ငွေကျပ်သိန်း ၁၁၀၊ သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနေဦးခင်ဇော်-ဒေါ်ကြီးခင် မိသားစုက ငွေကျပ် သိန်း၁၀၁သိန်း၊ သန်လျင်မြို့ မြို့မတောင်ရပ်ကွက် ဖို့မြေလမ်းနေ ဦးအောင်သန်းဦး- ဒေါ်အေးမြင့် မိသားစု(ပင်လယ်ကိုးသွယ် ရောင်းဝယ်ရေး)က ငွေကျပ် သိန်း၅၀၊ သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် ဇာတ်ရုံလမ်းနေ ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင် မိသားစုက ငွေကျပ် ၃၆သိန်း၊ သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် မြို့မလမ်းနေ ဦးဌေးဝင်း-ဒေါ်ဝင်းဝင်းကြိုင် (နီလာမင်းရွှေဆိုင်) မိသားစုက ငွေကျပ်သိန်း၃၀၊ ရန်ကုန်မြို့ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း မိသားစု(ရွှေနဂါးမင်းကုမ္ပဏီ)၊သန်လျင်မြို့ အမှုထမ်းရပ်ကွက် ရွှေဝါလမ်းနေ ဦးသန်းထွဋ်- ဒေါ်မိုးမိုးသင်း မိသားစုနှင့် သန်လျင်မြို့ စားအုန်းဆီကုန်သည်ကြီးများအသင်းတို့က ငွေကျပ် သိန်း၂၀စီကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ အလှူရှင်များဖြစ်ကြသော သန်လျင်မြို့မှဆရာတော် ဘဒ္ဒန္တ တေဇအမှူးပြုသော အောင်ချမ်းသာရပ်ကွက် သုခမ္မာ သံဃနာယကအဖွဲ့က ငွေကျပ် ၁၅သိန်း၊ ရန်ကုန်မြို့နေ ဦးအိုက်ဖုန်း-ဒေါ်နန်းအိစောင် မိသားစုက ငွေကျပ် ၁၂၆၀၀၀၀၊ သန်လျင်မြို့ မြို့မ မြောက်ရပ်ကွက် ကောင်စီလမ်းနေ ဦးကြင်ဟုတ်-ဒေါ်တင်မာဆွေ မိသားစု၊ သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက်ဗိုလ်ချုပ်နေဝင်းလမ်းနေဦးမြင့်သန်း-ဒေါ်သက်မာ မိသားစုနှင့် သန်လျင်မြို့ မြို့မတောင်ရပ်ကွက် သတိပဋ္ဌာန်လမ်းနေဦးအောင်ကျော်ဝင်း-ဒေါ်မြသီတာဦး မိသားစုတို့က ငွေကျပ် ၁၂သိန်းစီ၊ သန်လျင်မြို့ ပဲခူးစုရပ်ကွက်လှူထုလမ်းနေ ဦးခင်စိုး-ဒေါ်သိန်းရီ မိသားစုက ငွေကျပ် ၁၀၅၀၀၀၀၊ သန်လျင်မြို့ ပဲခူးစု ရပ်ကွက် ရုံးတော်ကွက် ဗညားဦးလမ်းနေ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး (အငြိမ်းစား)-ဒေါ်တင်တင် မိသားစုနှင့် သန်လျင်မြို့ အမှုထမ်းရပ်ကွက်ခမ္မရောင်ခြည်ကျောင်းလမ်းနေဦးခင်ဝင်း-ဒေါ်တင်ဆန်း မိသားစုတို့က ငွေကျပ် ၁၀သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါထံ သန်လျင်မြို့ အမှုထမ်းရပ်ကွက် မဥ္ဇူလမ်းနေ ဦးစိုးမြင့်သိန်း-ဒေါ်အေးအေးမြင့် မိသားစု၊ သန်လျင်မြို့ အမှုထမ်း ရပ်ကွက် ကျိုက်ခေါက် ဘုရားလမ်းနေ ဦးအောင်သန်းဦး၊ ဦးတင်မြနှင့် ဦးသန်းဝင်း (မြရွှေပါဆန်စက်)၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက် ကျိုက်ခေါက်ဘုရားလမ်းနေ ဦးတင်မြ-ဒေါ်ခင်မိမိကျော်မိသားစု၊ သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် ဇာတ်ရုံလမ်းနေ ဒေါ်သန်းရွှေ အထည်ဆိုင် သားသမီးမြေးမြစ်တစ်စု၊ သန်လျင်မြို့ မြို့မဈေးကြီး အနောက်ဘက်တန်းနေ ဦးကျော်ဆွေ- ဒေါ်မြမြအေး၊ သန်လျင်မြို့ မြို့ဟောင်း အရှေ့ရပ်ကွက် ကျိုက်ခေါက်ဘုရားလမ်းနေ ဦးသန်းဆွေ-ဒေါ်ခင်အေးမူ မိသားစု (ပွင့်မြန်မာထမင်းဆိုင်)၊ သန်လျင်မြို့ မြို့မဈေးကြီးနေ ဦးဖုန်းဇော်-ဒေါ်အေးအေးပြုံး မိသားစု၊ သန်လျင်မြို့ မြို့သစ်အလယ်ရပ်ကွက် သူရလမ်းနေ ဦးသန်းဝင်း-ဒေါ်ရှုအင် မိသားစု၊ သန်လျင်မြို့ သုဓွေးကွင်း ကရင်ဆိပ် ဘော့သပြေကန် စစ်ပင်ကွင်းနှင့် ဘယက်ကျေးရွာများမှ ကျေးရွာ သံဃနာယကအဖွဲ့များနှင့် သန်လျင်မြို့ အမှုထမ်းရပ်ကွက် သမဝါယမ ဒီဂရီကောလိပ်လမ်းနေ ဦးစိုးမောင်-ဒေါ်သူဇာတင် မိသားစုတို့က ငွေကျပ်၁၀သိန်းစီကို ပေးအပ်လှူဒါန်းကြရာ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ သန်လျင်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဦးထံ အလှူရှင်များဖြစ်ကြသော သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက်နေ ဦးဟုတ်ရွှေ-ဒေါ်ကျင်ထွေး (ရွှေမိသားစု) နှင့် သန်လျင်မြို့ ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးချင်းကား-ဒေါ်နှင်းကြည်မိသားစုတို့က ငွေကျပ်၁၀သိန်းစီ၊ သန်လျင်မြို့ အမှုထမ်းရပ်ကွက် ဘောဂလမ်းနေ ဦးထွန်းမြင့်-ဒေါ်မေရီခင်(ရွှံ့ဝံရေသန့် မိသားစု)က ငွေကျပ် ခုနစ်သိန်း၊ သန်လျင်မြို့ မြို့သစ်အနောက်ရပ်ကွက် မင်္ဂလာလမ်းနေ ဦးကြည်မင်း (P.A.G Co., Ltd.)နှင့် သန်လျင်မြို့ မြို့သစ်အနောက်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနေ ဒေါ်ရှုအိမ် (လမြတ်စတိုး) မိသားစုတို့က ငွေကျပ်ခြောက်သိန်းစီ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဦးတင်ဝင်း(ဥက္ကဋ္ဌ) မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြို့သစ် အနောက်ရပ်ကွက် မင်္ဂလာလမ်းနေ ဦးမြင့်စိုး-ဒေါ်သန်းသန်းထိုက် မိသားစု၊ မြို့သစ်အနောက်ရပ်ကွက် မင်္ဂလာလမ်းနေ ဦးမြင့်ထူး (တတိယမျက်လုံး)-ဒေါ်တင်တင်ဝင်း မိသားစု၊ မြို့ဟောင်းအလယ်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးကျင်မြောက်-ဒေါ်ညွန့်ညွန့်သောင်း မိသားစု (လင်းစေတမန် ဓမ္မဒါနစာပေ)နှင့် သန်လျင်မြို့ မြို့သစ်အနောက်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးကျင်မောင်-ဒေါ်ညွန့်ရီမိသားစုတို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ သန်လျင်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်ထံ အလှူရှင်များဖြစ်ကြသော ပဲခူးစုရပ်ကွက် သာခုလမ်းနေ ဦးမိုးကုတ်-ဒေါ်ခင်လှိုင်မိသားစု၊ မြို့မလမ်းနေ ဦးကြီးရင်မိသားစု(မြို့မသုခဆေးတိုက်)နှင့် ဦးမြင့်ဦး (နေလဆောက်လုပ်ရေး)တို့က ငွေကျပ်ငါးသိန်းစီ၊ ရန်ကုန်မြို့ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင်၊ ရန်ကုန်မြို့ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ သုဓွေးကွင်းကျေးရွာနေ ဦးသန်းအေး-ဒေါ်ဝင်းကြည် မိသားစု (သီရိရတနာဆန်စက်)၊ မင်းတန်းလမ်းနေ ဦးတင်ရှန်-ဒေါ်အေး၊ ဦးမောင်မောင်မြင့်-ဒေါ်မိမိသွယ်မိသားစု၊ ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးအေးလွင်-ဒေါ်ခင်နွဲ့မိသားစုနှင့် ဗိုလ်ချုပ်နေဝင်းလမ်းနေ ဦးမြင့်သိန်း-ဒေါ်မွှေးမွှေး မိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ ရန်ကုန်တောင်ပိုင်းခရိုင် (မထသ)အောက်ရှိ ကျောင်းကြို/ပို့ မော်တော်ယာဉ်ပိုင်ရှင်များ၊ ဦးအောင်ဇေယျလမ်းနေ ဦးတင်ရှိန်-ဒေါ်တင်တင်ရှိန် မိသားစု၊ ဝိဇ္ဇာလမ်းနေ ဒေါ်ထားကြည် မိသားစု၊ သန်လျင်မြို့နယ် သုဓွေးကွင်း ကျေးရွာသူ၊ကျေးရွာသားများကောင်းမှု၊ ဦးဘအိုလမ်းနေ ရာဇသောက်ရေသန့်မိသားစု၊ တောင်ဒဂုံစက်မှုဇုန်(၂) သံလွင်လမ်းသွယ်နေ ဦးတင်စိုး (ဘဝလှမုန့်မျိုးစုံလုပ်ငန်း)၊ ဗိုလ်မှူးမြင့်အေး(အငြိမ်းစား)-ဒေါ်သက်သက်ဦး မိသားစုနှင့် ဦးမောင်ငယ်-ဒေါ်ခင်အေး မိသားစုတို့က ငွေကျပ် နှစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အလှူရှင်များက လှူဒါန်းသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၇၀၂၈၀၆၄၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်



**ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရတနာရွှေကြုတ်တော်ကို ထည့်သွင်း မြှုပ်နှံပေးစဉ်။**

(သတင်းစဉ်)

# ငြိမ်းချမ်းခြင်းသည်သာ နိုင်ငံတော်အတွက် အလိုအပ်ဆုံးအရာ၊ အမွန်မြတ်ဆုံးအရာ၊ အလှဆုံးအရာ

မြင့်စိုး(နတလ)

(၁)

ကျွန်တော့်ဘဝ၌ သိလိုတာတစ်ခုကို သိခွင့်ကြုံကြိုက်အောင် ငါးနှစ်တန်သည်၊ ဆယ်နှစ်တန်သည် စောင့်ရတာမျိုးလည်း ရှိခဲ့ဖူးပါသည်။ ဥပမာအားဖြင့် ကျွန်တော်တို့ စစ်တက္ကသိုလ်တက်သည့်နှစ်၌ ပွိုင့် ၆၀၄၁ တောင်ကုန်းတိုက်ပွဲ အရှိန်အဝါက ကြီးနေဆဲ။ ယင်းတိုက်ပွဲ ဖြစ်စဉ်တစ်ခုလုံးကို ကွပ်ကဲတိုက်ပွဲဝင်ခဲ့သူ ဗိုလ်မှူးသီဟသူရ သိန်းထွန်းတင်ကိုယ်တိုင်ကျောင်းသို့ရောက်လာပြီး သင်ခန်းစာပို့ချပေးခဲ့သည်။ သဲမြေပုံများဖြင့် ရှင်းလင်းခဲ့သည်။ ၎င်းပွိုင့် ၆၀၄၁ တောင်ကုန်းတိုက်ပွဲ သင်ခန်းစာ အကျဉ်းစာအုပ်ကို ကျောင်းဆင်းပြီး သွားလေရာရာ ယူသွားဖြစ်သည်။

၁၉၈၈ ခုနှစ်က တန့်ယန်းမြို့သို့ပြောင်းရွှေ့ရောက်ရှိပြီး နောင်လိုင်စခန်းကို တာဝန်ယူရသောအခါတွင်မှ ပွိုင့် ၆၀၄၁၊ ပါဖန်၊ နောင်လိုင်စခန်း တိုက်ပွဲများကို မြေပုံ၌ပြန်တင်၍လေ့လာကြည့်မိသည်။ ယင်းတိုက်ပွဲအကြောင်း သိမီလိုက်သော ကျေးရွာလူကြီးများကလည်း ဂဃနဏပြန်ပြောပြကြသည်။ ထိုစဉ်က ဗကပတို့၏ စစ်ရေးရည်မှန်းချက်များနှင့် တိုက်ကွက်ဖော်မှုပုံသဏ္ဌာန်များကို ပိုမိုသိရှိလေ့လာနိုင်ခဲ့သည်။

၁၉၈၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော စီစီဝမ်-တာပန်တိုက်ပွဲနှင့် ပတ်သက်၍လည်း ထိုနည်းနှင်နှင်ပင်။ ၎င်းတိုက်ပွဲတွင် တပ်မတော်(လေ)မှ ကျွန်တော့် သူငယ်ချင်း မျိုးမြင့်နှင့် ဗိုလ်ကြီးတင်ကိုတို့ ကျဆုံးသွားခဲ့သည်။ နောင် ၁၀ နှစ်ခန့်ကြာသောအခါ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားဒေသမှ တိုင်းရင်းသားခေါင်းဆောင်တစ်ဦးနှင့် ဆုံသည်။ ယခင်က ဗကပလက်အောက်၌ သူတို့နေထိုင်ခဲ့ရသည့် အတွေ့အကြုံများကို ပြောပြသည်။ ဗကပခေါင်းဆောင်ပိုင်းတွင် တိုင်းရင်းသားများကို နေရာမပေးပုံ၊ ဖိနှိပ်ချုပ်ချယ်ခံခဲ့ရပုံ၊ တိုက်ပွဲကြီးများ၌ တိုင်းရင်းသား ကလေးငယ်များ ရှေ့တန်းမှ အသက်စွန့်တိုက်ပွဲဝင်ရပုံများ ပါဝင်သည်။

ထို့ပြင် စီစီဝမ်-တာပန်တိုက်ပွဲတွင် ၎င်းကိုယ်တိုင် ပါဝင်ခဲ့ပုံ၊ တပ်မတော်(လေ)မှ တိုက်လေယာဉ်များ၏ စွမ်းစွမ်းတမံ ဝင်ရောက်ထိုးစိုက်တိုက်ခိုက်မှုကို ၎င်းတို့ အလူးအလဲခံရပုံ၊ တိုက်လေယာဉ်အား မိကျောင်း(၂)စခန်းမှ ပွိုင့်(၅)စက်သေနတ်ကြီးဖြင့် ပစ်ချရပုံတို့ကို သူ့ထံမှ ပြန်လည်ကြားသိရသည်။ ထို့နောက် ဗိုလ်ချုပ်လှမြင့်ဆွေ(ငြိမ်း) ရေးသားပြုစုခဲ့သော **"တပ်မတော်သားဂုဏ်ရည်"** စာအုပ် ထွက်ရှိလာသောအခါ စီစီဝမ်-တာပန်ဒေသတိုက်ပွဲ ဖြစ်စဉ်တစ်ခုလုံးနှင့် ဗကပတို့၏ မီးစာကုန်ဆီခန်း လှုပ်ရှားရုန်းကန်ပုံများကို သိရှိခွင့်ရခဲ့သည်။ ထို့ပြင် တစ်ဝယင်းစစ်ဆင်ရေးကာလ၌ ကြက်ခြေနီ၊ မီးသတ် လူငယ်များအပါအဝင် ပြည်သူလူထုက တပ်မတော်အပေါ် လှိုက်လှိုက်လှဲလှဲ အားပေးကူညီခဲ့ပုံများကို မှတ်တမ်းဓာတ်ပုံများနှင့်တကွ ဖော်ပြထားပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ စွန်းစွန်းဆီက အဖြစ်အပျက်တစ်ခုရှိပါသေးသည်။ အချိန်ကာလအားဖြင့် ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသ၌ ဖြတ်(၄)ဖြတ် စစ်ဆင်ရေး အရှိန်အမြင့်ဆုံးအချိန်။ ဗကပဗိုလ်အောင်ဖေဦးစီးသည့် မြစ်ဝကျွန်းပေါ်တိုင်း(ဗဟို)အဖွဲ့ကို ဝိုင်းပတ်ပိတ်ဆို့ ချေမှုန်းနေချိန်ဖြစ်သည်။ ထောင်သောင်းချီသည့် ကျေးရွာလူထုများနှင့် လက်ဆင့်ကမ်းပိတ်ဆို့ရေး ပြုလုပ်ခဲ့သည်။ ရွာမှ ကျွန်တော့် ဦးလေး၊ ဘကြီးတွေပါဝင်ခဲ့သည်။ ၎င်းတို့ ပြန်လာကြသောအခါ ဗိုလ်အောင်ဖေကို အသေမိပြီဖြစ်ကြောင်း သိရသည်။

ထိုအချိန်က ကျွန်တော်တို့ တစ်နယ်လုံး၌ ဗိုလ်အောင်ဖေဟု ဆိုလိုက်လျှင် ကလေးလူကြီးမကျန် အားလုံးသိကြသည်။ သူ့ကို ဓားခုတ်ကြီးဟူ၍လည်း ခေါ်ကြသည်။ ပါးတွင် ဓားခုတ်ရာအမာရွတ်ကြီး တစ်ခုရှိနေ၍ဖြစ်သည်။ ကျွန်တော် (၁၀)တန်းအောင်၍ စစ်တက္ကသိုလ်ဖြေသောအခါ လူတွေ့စစ်မေးစဉ် ဘုတ်အဖွဲ့ဥက္ကဋ္ဌက မြစ်ဝကျွန်းပေါ်ဖြတ်(၄)ဖြတ်အကြောင်းနှင့် ဗိုလ်အောင်ဖေအကြောင်းတွေကို ထည့်မေးခဲ့သည်။ သူကိုယ်တိုင် မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ၌ ပါဝင်ခဲ့ဖူးကြောင်း သိရှိရသည်။

ထိုမှ ၂၀၀၄ ခုနှစ် အမျိုးသားစာပေဆု ရရှိခဲ့သော အနောက်တောင်တိုင်း စစ်ဌာနချုပ်တွင် တိုင်းမှူးတာဝန် ထမ်းဆောင်ခဲ့သည့် ဗိုလ်မှူးချုပ် သန်းတင်(ငြိမ်း)၏ **"ကိုယ်တွေ့ဖြစ်ရပ်များ၊ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ"** စာအုပ်ထွက်လာသောအခါ ကျွန်တော်မသိသေးသော၊ ဉာဏ်ရည် မမီခဲ့သော အကြောင်းအရာတချို့ကို ကွက်လပ်ဖြည့်နိုင်ခဲ့သည်။ ထိုအချိန်က ဗကပနှင့် KNDOအဖွဲ့များအနေဖြင့် မြစ်ဝကျွန်းပေါ်ဒေသအား ထိုးဖောက်ခြေကုပ်ယူ လှုပ်ရှား၍ကောက်ခံရရှိသမျှ ဆက်ကြေးထဲမှ ဗကပ(ဗဟို)သို့ နှစ်စဉ်သိန်း၄၀ခန့်၊ KNU(ဗဟို)သို့ သိန်း ၅၀ခန့် အသီးသီး ထောက်ပံ့နေရပြီး ဗကပမြစ်ဝကျွန်းပေါ်တိုင်းသည် ရခိုင်ဒေသနှင့် တနင်္သာရီဒေသတို့အား ဗကပ(ဗဟို)နှင့် ပေါင်းကူးဆက်သွယ်ပေးနေသော ကြားခံဒေသလည်းဖြစ်ခဲ့သည်။

(၂)

"စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ" စာအုပ်ကို ဖတ်ရှုလေ့လာနေစဉ် ကျွန်တော်ငယ်စဉ်က နေခဲ့ဖူးသောအနောက်ရိုးမတောင်ခြေမှ ကျောင်းကလေးများကို သတိရမိသည်။ စိန်တောင်အမက၊ လှော်ကထားအလက (ယခုအထက)၊လေးမျက်နှာအထက စသည်တို့ဖြစ်ပါသည်။ အကြောင်းမှာ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ၌ စစ်ဆင်ရေးများ ပြုလုပ်ခဲ့သော ကာလသည် ကျွန်တော်၏ မူလတန်းနှင့် အလယ်တန်းကျောင်းသားဘဝများ ဖြစ်ပါသည်။ ဖြတ်(၄) ဖြတ်ကာလမို့ ဆန်ဂိုဒေါင်တဲတန်းလျားများဆီသို့ နံနက်တိုင်းသွား၍ တစ်ရက်စာမိသားစုစားမည့် ဆန်ကိုထုတ်ယူခဲ့ရတာတွေ၊ စာသင်ရင်း ကြားနေရသော သေနတ်သံများဆီသို့ နားစွင့်နေမိပုံတွေ၊ ရွာဘုန်းကြီးကျောင်းတွင် စခန်းချသော တပ်မတော်သားများနှင့် ရင်းနှီးခဲ့ရပုံတွေအားလုံးကို ပြန်လည်အမှတ်ရမိသည်။

ကျွန်တော်၏ ကျောင်းသားဘဝများသည် စစ်ဆင်ရေးကာလများနှင့် ယှဉ်၍ ဖြတ်သန်းခဲ့ရသည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ မိုးဟိန်းစစ်ဆင်ရေး၊ ရွှေလင်းယုန်စစ်ဆင်ရေး၊ ရွှေလဝင်းစစ်ဆင်ရေး၊ ရောမင်းစစ်ဆင်ရေး၊တိုင်းလုံးအောင်စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။တိုင်းလုံးအောင်စစ်ဆင်ရေးသည် သောင်းကျန်းသူ အကြွင်းအကျန်အားလုံးကို တံမြက်စည်းလှဲသလို ရှင်းလင်းပစ်ခဲ့သော ကောက်သင်းကောက် စစ်ဆင်ရေးလည်းဖြစ်ပေသည်။ ၁၉၇၂ ခုနှစ်၌ ဘိုကလေးမြို့နယ်အတွင်းသို့ ပြည်ပြေးများ ဝင်လာသောကြောင့် တပ်မတော်မှ ထော်ပိုင်စစ်ဆင်ရေးဖြင့် ရှင်းလင်းချေမှုန်းခဲ့ရသည်။ ထိုစဉ်က ဧရာဝတီတိုင်းအတွင်း မြို့နယ် ၂၆မြို့နယ်၌ သောင်းကျန်းမှုကင်းသည့် နေရာဟူ၍ ခပ်ရှားရှားဖြစ်သည်။ အထက်ပါစစ်ဆင်ရေးများနှင့် တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းချေမှုန်းပြီး အနက်ရောင်နယ်မြေမှ အညိုရောင်၊ အညိုရောင်နယ်မြေမှ အဖြူရောင်နယ်မြေဖြစ်အောင် တည်ဆောက်ရယူခဲ့ခြင်းဖြစ်သည်။

ယခုအချိန်၌ **"ချောင်းသာ"** ဟူသော အမည်ကို ကြားလိုက်ရုံမျှနှင့် စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း လူတိုင်းသိကြပါသည်။ လွန်ခဲ့သော အနှစ်၃၀ကျော်က ယင်း ချောင်းသာ ပတ်ဝန်းကျင်တွင် တပ်မတော်စစ်ကြောင်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့်အတူ ပြည်သူလူထုအင်အား နှစ်သောင်းကျော် ပူးပေါင်းပါဝင်လျက် KNDO များအား ပိတ်ဆို့ချေမှုန်းခဲ့ရသည်ကို လူတိုင်းသိမီနိုင်မည် မထင်ပါ။

ဧရာဝတီတိုင်းအတွင်း၌သာမဟုတ် ရန်ကုန်လည်း ရန်ကုန်မို့ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို အလူးအလဲခံစားခဲ့ရသော သမိုင်းဝင်နေရာများစွာ ရှိခဲ့သည်။ လွန်ခဲ့သော ၂၀၀၁ခုနှစ် နိုဝင်ဘာလက ရှမ်းပြည်နယ် (တောင်ပိုင်း) ကျိုင်းတောင်း၊ ကျိုင်းခမ်းဒေသမှ လေ့လာရေးအဖွဲ့ဝင် ၁၀၄ဦး လာရောက်လေ့လာခဲ့ကြရာ လှိုင်မြို့နယ်အတွင်းရှိ ဘုရင့်နောင် အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် နေရာချထားပေးခဲ့သည်။ ၎င်းလေ့လာရေးအဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ဘို(ယခု ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို)လာရောက်တွေ့ဆုံနှုတ်ဆက်ပြီး ကျန်းမာရေးအခြေအနေ၊ လေ့လာရေးခရီးစဉ်အခြေအနေ၊ စားရေး သောက်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းပါသည်။ ဆက်လက်၍ ညက ကောင်းကောင်းအိပ်ပျော်ကြတယ်မဟုတ်လားဟု ပဋိသန္ထာရစကားခံကာ ယခုကဲ့သို့ ပူပင်ကြောင့်ကြမှုကင်းစွာ အိပ်စက်အနားယူနိုင်ခြင်းသည်ပင်လျှင် တည်ငြိမ်အေးချမ်းမှု၏ ရလဒ်ဖြစ်ကြောင်း၊ ရှေးယခင်က ယခုတည်းခိုဆောင် နေရာများသည် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သောနေရာများဖြစ်ကြောင်း၊ လေ့လာရေးအဖွဲ့ဝင်များ၏ ဇာတိရပ်ရွာဖြစ်သော ကျိုင်းတောင်း၊ ကျိုင်းခမ်းဒေသကိုလည်း တည်ငြိမ် အေးချမ်းမှု အပြည့်အဝရရှိအောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားခဲ့ဖူးသည်ကို အမှတ်ရမိသည်။

အေးချမ်းတည်ငြိမ်မှု၏ ပြယုဂ်များသည် ကျွန်တော်တို့ မျက်စိအောက်၌ပင် အထင်အရှားရှိနေကြသည်။ ဥပမာဆောင်ရပါလျှင် ယနေ့ ရှမ်းပြည်နယ်၏ အသည်းနှလုံးဖြစ်သော အင်းလေးကန်သည် အနားယူအပန်းဖြေစရာ၊ အင်းသားရိုးရာယဉ်ကျေးမှုများကို လေ့လာသိမှီးစရာ၊ အင်းသူအင်းသားများ၏ စီးပွားရေး အချက်အချာနေရာတစ်ခု ဖြစ်လာခဲ့သည်။ ရှေးယခင်ကာလများကမူ အင်းအရှေ့ခြမ်း၊ အင်းအနောက်ခြမ်းများ၌ ဖြစ်ပွားခဲ့သော တိုက်ပွဲပုံသဏ္ဌာန်အမျိုးမျိုးသည် အင်းလေးကန်၏ အလှကို အကျည်းတန် အရုပ်ဆိုးစေခဲ့သည်။

(၃)

ခေတ်အဆက်ဆက် အစိုးရများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိအောင် နည်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုလည်း တတ်စွမ်းသမျှ ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်။ သို့သော် ထိုက်သင့်သော အောင်မြင်မှု မရရှိခဲ့ပါ။ ယနေ့တပ်မတော်အစိုးရလက်ထက်တွင် ၁၉၈၉ ခုနှစ်မှစ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အမျိုးသားရေး မူဝါဒတစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မည်သည့်ခေတ်အခါနှင့်မျှ မတူသော အောင်မြင်မှုများရရှိခဲ့ပြီးဖြစ်ပေသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသဖြင့် ပြည်နယ်၊ တိုင်း နေရာဒေသအနှံ့အပြားတွင် တည်ငြိမ်အေးချမ်းသွားခဲ့သည်။

အထူးသဖြင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းသွားသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ ငွေကျပ်သန်းပေါင်း ၇၈၇၉၄ ဒသမ ၉၃ သန်း အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့သည်။ အတိတ်ကာလက တိုက်ပွဲကြီးများအဆက်မပြတ် ဆင်နွှဲခဲ့၍ ကျီးလန့်စာစားနေခဲ့ကြရသော ဒေသများသည် ယခုအခါယမ်းခိုးယမ်းနံ့ကင်း၍ ဖွံ့ဖြိုးတိုးတက်သော ဒေသများအဖြစ် ဦးတည်ပြောင်းလဲနေပြီဖြစ်သည်။

ယနေ့ကျွန်တော်တို့နေထိုင်ရာ ကျေးရွာတစ်ရွာ၊ မြို့တစ်မြို့ တည်ငြိမ်အေးချမ်းမှု ရလာအောင် နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရသည်။ ထိုကဲ့သို့ မြို့ရွာများပေါင်းစုနေသော ပြည်နယ်ကြီးတစ်ခုလုံး၊ တိုင်းကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းမှုရရှိရန်အတွက်မူ ပို၍ပို၍ အချိန်ယူခဲ့ရသည်။ အရင်းအနှီးပေါင်းများစွာ ပေးဆပ်ခဲ့ရသည်။ အသက်ပေါင်းများစွာ စွန့်လွှတ်ခဲ့ကြရသည်။ အဆိုပါတည်ငြိမ်အေးချမ်းမှုသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ဆောင်ကြဉ်းပေးသော အရာလည်းမည်ပေ၏။

နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးပင်ဖြစ်သည်။ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တည်ငြိမ်အေးချမ်းမှုသည် အခြေခံကျလှပေသည်။

သည့်အတွက်မို့ **ငြိမ်းချမ်းခြင်းသည်သာ နိုင်ငံတော်အတွက် အလိုအပ်ဆုံးအရာ။ အမွန်မြတ်ဆုံးအရာ။ အလှဆုံးအရာ။ တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်သာ**။ ။

**ခေတ်အဆက်ဆက် အစိုးရများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုရရှိအောင် နည်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြသည်။ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကိုလည်း တတ်စွမ်းသမျှ ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်။ သို့သော် ထိုက်သင့်သော အောင်မြင်မှုမရရှိခဲ့ပေ။ ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် ၁၉၈၉ ခုနှစ်မှစ၍ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို အမျိုးသားရေး မူဝါဒတစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မည်သည့်ခေတ်အခါနှင့်မျှမတူသော အောင်မြင်မှုများရရှိခဲ့ပြီး ဖြစ်ပေသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ ဥပဒေ ဘောင်အတွင်း ဝင်ရောက်လာသဖြင့် ပြည်နယ်၊ တိုင်း နေရာဒေသ အနှံ့အပြားတွင် တည်ငြိမ်အေးချမ်းသွားခဲ့သည်။**

# မြောက်ပိုင်းခရိုင် စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ကြက်မွေးမြူရေးခြံတွင် ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ရန်ကုန် ဧပြီ ၂၃

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များသို့သွားရောက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် နံနက်၉နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ကျောင်းကုန်းကျေးရွာအုပ်စုရှိ ဦးစိုင်းလုံ၏ ဝက်မွေးမြူရေးခြံသို့ရောက်ရှိလာရာ ယာယီရှင်းလင်းဆောင်၌ Forever Construction Co.,Ltd.မှ မန်နေဂျာဦးစိုင်းလုံက ဝက်မွေးမြူရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူးက မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝက်မွေးမြူရေးခြံများအတွင်း ဝက်များ မွေးမြူဖြစ်ထွန်းလျက်ရှိသည့် အခြေအနေကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ် လိပ်ပွပ်ကျေးရွာအုပ်စုရှိ စူပါကောင်း နို့စားနွားမွေးမြူရေးခြံသို့ရောက်ရှိလာရာ ဧည့်ခန်းမ၌ ခြံပိုင်ရှင်ဦးအုန်းခိုင်က နို့စားနွားများ မွေးမြူထားရှိမှု၊ နို့ထွက်ပစ္စည်းထုတ်လုပ်ရောင်းချမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးပြီး နွားမွေးမြူရေးခြံများအတွင်း နို့စားနွားကောင်ရေ၄၀၀ကျော် မွေးမြူဖြစ်ထွန်းနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မှော်ဘီတပ်နယ်၏ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ သွားရောက်၍ ဈေးအတွင်း ဟင်းသီးဟင်းရွက်နှင့် ကုန်ခြောက်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့မှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ်ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်သို့ရောက်ရှိပြီး၊ ဇုန်(၁) အကွက်အမှတ်(၈၅)ရှိ ဦးအောင်သန်းဦး၏ မြရွှေဝါ ဟင်းသီးဟင်းရွက် စိုက်ခင်းကိုလည်းကောင်း၊ ဇုန်(၂)ရှိ ဦးစိုင်းစောလွင်၏ ကြက်မွေးမြူရေးခြံအတွင်း ဥစားကြက်ကောင်ရေ ၅၀၀၀၀ကျော် မွေးမြူဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ ဇုန်(၁)ရှိ မင်းလှထွန်း ငါးမွေးမြူရေးလုပ်ငန်း၌ ငါးကန်များအတွင်း ရေချိုငါးမျိုးစုံကောင်ရေ ၃၀၀၀၀ကျော် မွေးမြူဖြစ်ထွန်းနေမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်၊ ထီးလှိုင်အိမ်ရာအနီးရှိ ထီးလှိုင်အိမ်ရာအခွန်လွတ်ဈေး မြေနေရာ၌ ဆိုင်ခန်းများ စတင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ပန်းလှိုင်တံတား**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာ-ဒလ တံ့တေးကားလမ်းပေါ်၌ ပန်းလှိုင်မြစ်ကို ဖြတ်၍ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ပန်းလှိုင်တံတားသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၂)မှ အငယ်တန်းအင်ဂျင်နီယာ ဦးဝေဖြိုးလင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် တံတား၏အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက တံတားကြီး ရေရှည်အသုံးပြုနိုင်အောင် တံတား၏ကြံ့ခိုင်မှုအခြေအနေကို မပြတ်စစ်ဆေးထိန်းသိမ်းဆောင်ရွက်ကြရန်မှာကြားပြီး တံတားအား ဖြတ်သန်းကြည့်ရှု စစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၁၆)ဖြန့်ချိ

**ရန်ကုန် ဧပြီ ၂၃**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၁၆)တွင် ၂၀၀၆-၂၀၀၇ခုနှစ်အတွက် ပုဂ္ဂလိကလေလံလမ်းတံတားအသုံးပြုခကောက်ခံရေးစခန်းများ ဆက်လက် လုပ်ကိုင်ခွင့်ပြုမည်၊ အသည်း အစားထိုး ကုသလိုသော မြန်မာဝေဒနာရှင်များ စင်ကာပူNUH ဆေးရုံကြီးတွင် ကုသနိုင်ပြီ၊ Kangarooတံဆိပ် ဖိနပ်စက်ရုံဖွင့်လတွင် စတင်လည်မည်၊ ပြည်တွင်းဈေးကွက် ဦးစားပေးထုတ်လုပ်ရန်ရည်ရွယ်၊ JMSSO ဥက္ကဋ္ဌ Mr.Fuju Keuchiro နှင့်တွေ့ဆုံခြင်းစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဂျပန်အမျိုးသားများ အလုဖန်တီးရေး၌ ငွေကြေး မတွန့်တိုတော့ပြီ၊ အီရန်နိုင်ငံအားစစ်ပြုရေးအမေရိကန်က ၂၀၀၃ခုနှစ်ကတည်းကစီစဉ်နေ၊ကလေးပျောက်သလား လက်ကိုင်ဖုန်းကွန်ရက်ကရှာပေးမည်ဟုဆိုစသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က ဖြန့်ချိလိုက်သည်။

**(သတင်းစဉ်)**

# ဓမ္မဒူတတောရ လစဉ်တရားစခန်း

**ရန်ကုန် ဧပြီ ၂၃**

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဂေါက်ကွင်းအနီးဓမ္မဒူတတောရကျောင်းတွင်လစဉ်အထူးတရားစခန်း ဖွင့်လှစ်လျက်ရှိရာ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ပညိဿရက မေ၁ရက်မှ ၇ရက်အထိ တရားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်မည့် ယောဂီများ ဧပြီ၂၇ရက် နောက်ဆုံးထား၍ ဖုန်း-၀၅၂-၂၄၅၅၀နှင့် ၀၉-၅၀-၁၇၂၉၄တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၆

(တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ အောင်မြေရွှေဘိုမြို့ အပိုင်း(၁)
- ၇း၂၀ ဟန်ဆောင်ကာ မူပို
- ၇း၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၇း၄၀ ဂီတသံစဉ်အလှဆင်
- ၈း၀၀ မျှော်သူမမောစေချင် စိုးသီဟ၊ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
- ၈း၁၀ မြန်မာ့သိုင်းပညာသမိုင်းစဉ်
- ၈း၃၀ တေးဂီတအစီအစဉ်
- ၈း၃၅ ပြည်တွင်း သတင်းအကျဉ်း
- ၈း၄၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်း သိက္ခာ)
- ၉း၁၀ တေးဂီတအစီအစဉ်
- ၉း၁၅ မိုးလေဝသခန့်မှန်းချက်
- ၉း၂၀ စတိုင်လ်ချစ်သူများအတွက် စတိုင်လ်ပြိုင်ပွဲ
- ၉း၄၅ တေးဂီတအစီအစဉ်
- ၉း၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၅၅ လူငယ်အာဟာရ(မောင်မောင်ဇော်လတ်) (The Ants)နှင့်တွေ့ဆုံခြင်း
- ၁၀း၂၅ တေးဂီတအစီအစဉ်
- ၁၀း၃၀ ဗိုလ်မြတ်ထွန်းတံတား
- ၁၀း၃၅ တောမျိုးစုံလင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
- ၁၀း၄၅ တေးဂီတအစီအစဉ်
- ၁၀း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၀၀ Business Talk (ဦးမျိုးမြတ်သူ၊ ဦးဌေးဝင်း၊ ဦးဘုန်းခိုင်ဝင်း)
- ၁၁း၄၀ တေးဂီတအစီအစဉ်
- ၁၁း၄၅ အလှမှာ ဝင့်ထည် မြန်မာ့ပါတိတ်ချည်ထည်
- ၁၂း၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်သည်။**

**English Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၁း၂၅ | Fulham-Wigan | 5-Sports(Live) |

# သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်နှင့် သစ်ထုတ်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဧပြီ ၂၃

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၂၁ရက် နံနက်ပိုင်းက ရေတာရှည်မြို့နယ် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ဆွာ)သို့ ရောက်ရှိလာရာ ဒုတိယမန်နေဂျာလက်ထောက်အင်ဂျင်နီယာ ဦးထိန်လင်းက အလုပ်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ပြင်ဆင်နေသည့် ယန္တရားများနှင့် တွင်ခုံခန်းကို စစ်ဆေးသည်။**

**ရှင်းလင်းပြသ**

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရေတာရှည်မြို့နယ် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက် ဌာန အမှတ်(၆)သစ်စက်သို့ရောက်ရှိလာရာစက်ရုံမှူးလက်ထောက်မန်နေဂျာ ဦးမျိုးနိုင်က သစ်ခွဲစက် လည်ပတ်နေမှုများကို လိုက်လံရှင်းလင်း ပြသသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ စက်ရုံမှူးက စက်ရုံအကြောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တောင်ငူ(မြောက်)သစ်ထုတ်ရေးဒေသ ဆွာသစ်ထုတ်ရေး နယ်(၁) မိုးသစ်ဆိပ်သို့ရောက်ရှိလာရာ ဒေသသစ်ထုတ်ရေး လက်ထောက် အထွေထွေမန်နေဂျာ ဦးဘစိန်က တောတွင်းမှ သစ်များ သစ်ဆိပ်သို့ တိုက်ထုတ်နေမှု၊ နောင်နှစ် သစ်ထုတ်ရန် စီမံထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**မှာကြား**

ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အုတ်တွင်းမြို့နယ် တောင်ငူ(တောင်) သစ်ထုတ်ရေးဒေသ မြေဓေးသစ်ဆိပ်သို့ ရောက်ရှိလာရာ ဒေသလက်ထောက် အထွေထွေမန်နေဂျာ ဦးတင်ထွန်းက သစ်တိုက်လုပ်ငန်းများ ဆောင်ရွက်နေမှုအကြောင်း ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း (အရှေ့) သစ်ထုတ်ရေး ဒုတိယအထွေထွေ မန်နေဂျာ ဦးသန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃) သစ်ဆိပ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းသစ်ဆိပ်သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့်အတန်းခွဲခြား သတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

# ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

**၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၃၅၅၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။**



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် ဘူတာဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် စစ်ဆေးစဉ်။ (ရထား)

# ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒီဇယ်စက်ခေါင်းစက်ရုံစစ်ဆေး စွမ်းရည်တိုးတက်မြင့်မားစွာ ကြိုးပမ်းဆောင်ရွက်ရေးမှာကြား

**ရန်ကုန် ဧပြီ ၂၃**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ အုတ်ဖိုစုဘူတာသို့ရောက်ရှိလာရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ဝန်ကြီးအား မြန်မာ့မီးရထား တိုင်းအမှတ်(၇)မှ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးဌေးအောင်က အုတ်ဖိုစုမှ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းနှင့်ပတ်သက်၍ လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး အုတ်ဖိုစုဘူတာဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်စွက်မှာကြား**

ဆက်လက်၍ ဝန်ကြီးသည် ဌာနဆိုင်ရာများ တိုင်းအမှတ်(၇)မှ တိုင်းအရာရှိများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဘူတာ ဆောက်လုပ်လျက်ရှိသော လုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းပြင်စက်ရုံ မလွှကုန်းသို့ရောက်ရှိရာ မြန်မာ့မီးရထားအထွေထွေမန်နေဂျာ(စက်မှုနှင့်လျှပ်စစ်) ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက စက်ရုံအတွင်းရှိ စက်ခေါင်းများပြုပြင်ဆောင်ရွက်မှုအခြေအနေကို လိုက်လံရှင်းလင်းတင်ပြသည်။

**ကြိုးပမ်းဆောင်ရွက်**

ထို့နောက် စက်ရုံ၏ရှင်းလင်းဆောင်၌ ဝန်ကြီးက မြန်မာ့မီးရထားမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ချက်များကိုသုံးသပ်ပြီး လုပ်ငန်းများကို စွမ်းဆောင်ရည်တိုးတက်မြင့်မားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့မီးရထားတွဲပြင်အလုပ်ရုံ မလွှကုန်းသို့ရောက်ရှိပြီး ဂျပန်နိုင်ငံမှ မှာယူရောက်ရှိခဲ့သော Rail Bus ရထားစက်ခေါင်းများအနက် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံး ရထားလမ်းပိုင်းတို့၌ ပြေးဆွဲပေးရန် မွမ်းမံပြင်ဆင်လျက်ရှိသော Rail Bus ရထားစက်ခေါင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဥက္ကလာပစေတီအား ရွှေသင်္ကန်းကပ်လှူရန် လှူဒါန်းနိုင်

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်တွင် ၁၉၈၉ ခုနှစ်၌ စတင်တည်ထားကိုးကွယ်ခဲ့သော ဥက္ကလာပစေတီတော်ကြီး၏ စိန်ဖူးတော်အသစ်နှင့် ငှက်မြတ်နားတော်တို့အား ပြန်လည်ပြုပြင်ရန်နှင့် ထီးတော်ကြီးကြံ့ခိုင်မှုရှိစေရန် ပြင်ဆင်ခြင်း၊ ပန်းလည်တိုင်အသစ် ပြန်လည်တပ်ဆင်ခြင်း၊ ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှစ၍ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် ထီးတော်ကြီးအား ကြံ့ခိုင်မှုများ စစ်ဆေးပြုပြင်ပြီးကြေးဝန်းငါးဆင့် ရွှေသင်္ကန်းကပ်လှူရန်နှင့် ပန်းလည်တိုင်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ပြန်လည်ပြုပြင်သည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ပါဝင်လှူဒါန်းနိုင်**

ဥက္ကလာပစေတီတော်ကြီး၏ သက်တမ်း ၁၆ နှစ်အကြာ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အသက်(၁၃)နှစ်အောက် ပြည်နယ်/တိုင်း ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းအသင်းနိုင်ပွဲဆက်ပြီး ကွာတားဖိုင်နယ်တက်

ရန်ကုန် ဧပြီ ၂၃

**(၉)ကြိမ်မြောက် အသက်(၁၃)နှစ်အောက် ပြည်နယ်နှင့် တိုင်း လူငယ်ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုအမှတ်ပေးပွဲစဉ်များကို ယနေ့ညနေပိုင်းက အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။**

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ပထမပွဲစဉ်အဖြစ် ဧရာဝတီတိုင်းအသင်းနှင့်မကွေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဧရာဝတီတိုင်းအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ဧရာဝတီတိုင်းအသင်းမှ ကျောနံပါတ် ၁၀ ကျော်ရဲနိုင်က ရရှိသည်။

**အနိုင်ရရှိ**

ဒုတိယပွဲစဉ်အဖြစ် ရန်ကုန်တိုင်းအသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ရန်ကုန်တိုင်းအသင်းမှ ကျောနံပါတ်-၇ ဖြိုးမောင်မောင်ကျော်က ရရှိသည်။

**ကွာတားတက်**

ရန်ကုန်တိုင်းအသင်းသည် အုပ်စုပထမပွဲစဉ်၌ ဧရာဝတီတိုင်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ပွဲ အနိုင်ရရှိသဖြင့် နှစ်ပွဲနိုင်ခြောက်မှတ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ ရန်ကုန်တိုင်းအသင်းသည် အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် ဧပြီ ၂၅ ရက်တွင် မကွေးတိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ သရေကျရုံနှင့် အုပ်စုပထမ ရရှိမည်ဖြစ်သည်။

**ယနေ့ပွဲ**

ဧပြီ ၂၄ ရက် **(ယနေ့)** ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပထမပွဲစဉ်အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ဒုတိယပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ပထမပွဲစဉ်အဖြစ် မန္တလေးတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်း၊ ဒုတိယပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**

## ဇေတရုံလမ်း ရေစီးရေလာကောင်းရေး ဆောင်ရွက်ပေးစေချင်

**စာတည်းခင်ဗျား-**

သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ဇေတရုံလမ်းတွင် အိမ်ရှေ့ရေမြောင်းနှင့် အိမ်အနောက်ဘက်ရှိ ရေမြောင်းများတွင် အမှိုက်သရိုက်များ ပိတ်ဆို့နေပါသည်။ ထိုရေမြောင်းများမှ အနံ့အသက်ဆိုးများနှင့် ခြင်အန္တရာယ်များ ခံစားနေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

## ဖယောင်းစက်ရုံအား ဖယ်ရှားရှင်းလင်းပေးပါ

**စာတည်းခင်ဗျား-**

တောင်ဥက္ကလာပမြို့နယ် စီမံကိန်း(၁) ကံ့ကော်လမ်းရှိ ဖယောင်းစက်ရုံတစ်ရုံမှာ ဖယောင်းတိုင်များ အချိန်ပြည့် ထုတ်လုပ်ဖြန့်ဖြူးလျက် ရှိပါသည်။ ထိုစက်ရုံမှထုတ်လွှတ်လိုက်သော ဖယောင်းညှော်နံ့များနှင့် မီးစက်အင်ဂျင်မှ ထွက်သော အသံများကို ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်နေရပါသဖြင့် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

**ခံစားနေရသူ**

## ပုဂ္ဂလိက ဓာတ်ဆီဆိုင် မီးဘေးအန္တရာယ်စိုးရိမ်ရ

**စာတည်းခင်ဗျား-**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့လယ် ရန်ကုန်-ပြည် ကားလမ်းဘေးတွင် ဝပ်ရှော့နှင့်တွဲလျက်ရှိသော ပုဂ္ဂလိက ဓာတ်ဆီဆိုင်သည် ဓာတ်ဆီ၊ ဒီဇယ်ဆီပီပါများအား သိုလှောင်ရောင်းချလျက်ရှိပါသည်။ ဓာတ်ဆီ ပီပါများအနီးတွင်လည်း ဂဟေဆော်လုပ်ငန်း ရှိပါသည်။

အဆိုပါ ဓာတ်ဆီဆိုင်မှတစ်ဆင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။

**မီးဘေးအန္တရာယ်စိုးရိမ်သူ**

## ညအချိန်မတော် အုပ်စုဖွဲ့ ဂစ်တာတီးနေ၍ တားဆီးပေးပါ

**စာတည်းရှင့်-**

တောင်ဥက္ကလာပမြို့နယ် ၁၆/၁ရပ်ကွက် ဇဋိလလမ်းထိပ်နှင့် သုမင်္ဂလာလမ်းမကြီးတစ်လျှောက်တွင် ကားဝပ်ရှော့လုပ်ကိုင်သော အိမ်သုံးအိမ် ရှိပါသည်။ ထိုအိမ်များရှေ့တွင် ညသန်းခေါင်ကျော်တိုင်အောင် ဂစ်တာများတီး၍ သံပြိုင်သီဆို အော်ဟစ်နေကြသည်မှာ ညစဉ်လိုလိုပင်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ရှိ နေထိုင်သူများမှာ စိတ်အနှောင့်အယှက်ဖြစ်နေကြပါ၍ သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အိပ်မရဖြစ်နေရသူများ**

## ပျံကျဈေးသည် ရှင်းလင်းဖယ်ရှားပေးပါ

**စာတည်းရှင့်-**

သဃ်န်းကျွန်းမြို့နယ် စံပြင်မိုးရိပ်ဈေးအနောက်ဘက် ကပ်လျက်ရှိသော မဟာသိပ္ပံဘုန်းကြီးကျောင်းလမ်း လမ်းမပေါ်တွင် ပျံကျဈေးသည်များ နေ့စဉ်လူနေအိမ်ရှေ့မျက်နှာစာနှင့် အဝင်ပေါက်များကိုပါ ပိတ်ဆို့ ရောင်းချနေပါသည်။ ၎င်းဈေးသည်များ၏ အမှိုက်များဖြင့် ရေမြောင်းများ ပိတ်ဆို့နေခြင်းတို့ကြောင့် လမ်းအတွင်းတွင် နေထိုင်သူများအတွက် ကျန်းမာရေးနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ သို့ပါ၍ အဆိုပါပျံကျဈေးသည်များအား သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူ**

## လက်ပံတန်းဘူတာမှ ကုန်ထမ်းသူများ စည်းကမ်းရှိစေလို

**စာတည်းခင်ဗျား-**

လက်ပံတန်းဘူတာတွင် ပျံကျကုန်ထမ်းသူများသည် မီးရထားမှ လှူဒါန်းထားသော ထိုင်ခုံများပေါ်၌ စားကြွင်းစားကျန်များ စွန့်ပစ်ထားခြင်း၊ ဆဲရေးတိုင်းထွာ ရန်ဖြစ်ခြင်း၊ ပြည်-ရန်ကုန် အမြန်လက်မှတ်နေရာဦး၍ ရောင်းစားခြင်း စသည့် လုပ်ရပ်များကို ပြုလုပ်နေပါသဖြင့် အဆိုပါ ကုန်ထမ်းသူများအား စည်းကမ်းတကျဖြစ်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**စည်းကမ်းရှိစေချင်သူ**

## ကားဘော်ဒီထုသံ နားမခံသာ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် ၅/၁ ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်း လမ်းမပေါ်တွင် ကားဘော်ဒီရုံ တစ်ရုံရှိပါသည်။ ၎င်းကားဘော်ဒီရုံမှ နေ့စဉ် နံနက်မှ ညမိုးချုပ်အထိ ကားဘော်ဒီထုသံများ၊ ကားဆေးမှုတ်ခြင်းနှင့် မီးစက်ဖွင့်သံများကို ပတ်ဝန်းကျင် နေထိုင်သူများအတွက် စိတ်အနှောင့်အယှက်ဖြစ်နေရပါသည်။ ထို့ကြောင့် အဆိုပါ ကားဘော်ဒီရုံအား လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**နားမခံသာသူ**

## ခေါက်ဆွဲစက်ကြောင့် မီးဘေးစိုးရိမ်ရ

**စာတည်းခင်ဗျား-**

လှိုင်မြို့နယ် လှိုင်ရတနာစံပြလုံးချင်းအိမ်ရာတွင် စက်မှုခေါက်ဆွဲလုပ်ငန်းကို သဇင်လမ်းမကြီးရှိ ခြံတစ်ခြံတွင် လုပ်ကိုင်နေပါသည်။ ယင်းလုပ်ငန်းမှ ညစဉ်ညတိုင်း လွင့်ထုတ်လေ့ရှိသော လွှစာဖွဲမီးပွားများကြောင့် အိမ်ရာနေ ပြည်သူများ မီးဘေးစိုးရိမ်နေရပါသည်။ ယင်းလုပ်ငန်းကပင် စွန့်ပစ်သော ရေဆိုးများကြောင့် သဇင်လမ်းမကြီးလည်း ပေါက်ပြဲပြီး ပျက်စီးသည်သာမက ရေဆိုးများ၏ အနံ့ဆိုးများကိုလည်း ခံစားနေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**မီးဘေးစိုးရိမ်သူ**

## အမှိုက်သိမ်းကားများ မှန်မှန်လာစေရန် ဆောင်ရွက်ပြီးစီး

၃-၄-၂၀၀၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **အမှိုက်သိမ်းကားမှန်မှန်လာစေချင်** ပေးစာနှင့်ပတ်သက်၍ ဖျာပုံမြို့ မြို့မရပ်ကွက်များအတွင်း အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်နှစ်စီးဖြင့် ခေါင်းလောင်းထိုး၍ နေ့စဉ်အချိန်မှန်သိမ်းဆည်းရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**



## ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပြုပူဇော် သင်ကြားမှုအထောက်အကူပြု ကွန်ပျူတာလှူဒါန်း

မော်လမြိုင် ဧပြီ ၅

**ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းသံဃနာယကဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပြည်မြို့ဝေပုလ္လာရာမကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝေပုလ္လမထေရ်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၅ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ ဝတ်ကျောင်းတိုက်ရှိ မင်္ဂလာမဏ္ဍပ်တွင်ကျင်းပသည်။**

အခမ်းအနားတွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရဘဒ္ဒန္တဝေပုလ္လဆရာတော်ကြီးက ညောင်ပင်ဆိပ်အခြေခံပညာအထက်တန်းကျောင်းသို့ သင်ကြားမှုအထောက်အကူပြု ကွန်ပျူတာနှစ်စုံကို ဆရာတော်ကြီး ကိုယ်စား ဥပဋ္ဌာက ဦးရှုမောင်က ပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံရယူကြသည်။

ထို့နောက် အလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ် ၁၀ သိန်းကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်က ဆရာတော်ကြီးထံဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**




## ရွှေဥမင် စာကြည့်တိုက်ဖွင့် မဂ္ဂဇင်းနှင့်ဂျာနယ်များလှူဒါန်း

**ကလော ဧပြီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ ရွှေဥမင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက်က အမှတ်(၉)ရပ်ကွက်ရှိ စာကြည့်တိုက်ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်အောင်က အမှာစကားပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌဦးခင်မောင်ကြည်နှင့်အဖွဲ့ဝင်များက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် စာပေဝါသနာရှင်များက စာကြည့်တိုက်အတွက် မဂ္ဂဇင်းစာအုပ်နှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းကြသည်။

(၄၀၈)

### လက်တွေ့လေ့ကျင့်

**ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းပြီး ဧပြီ ၁၁ ရက်က ပြည်သူ့ဈေးအတွင်း မီးငြိမ်းသတ်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်ကြစဉ်။** (မြို့နယ် စည်ပင်)



## ကော့ကရိတ်မြို့နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေးရှင်းလင်း

ကော့ကရိတ် ဧပြီ ၆

**ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက ကော့ကရိတ်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးကြည်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် အလှူရှင် ၂၆ ဦးတို့က စာအုပ်၊ ဂျာနယ်စုစုပေါင်း ၃၁၄၈ အုပ်အတွက် ကျသင့်တန်ဖိုးငွေကျပ် ၄၄၂၈၅၀၊ အမျိုးသမီးရေးရာအဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေး ဦးစီးဌာနတို့က ရေဒီယိုလေးလုံး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းငွေကျပ် ၁၀၀၀၀၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းငွေကျပ် ၅၀၀၀၊ သစ်ကုန်သည်များအသင်းက လှူဒါန်းငွေကျပ် ၂၀၀၀၀၊ ဦးကျော်စိုး မိသားစုက မဂ္ဂဇင်းစာအုပ် ၁၀၈ အုပ်နှင့် လှူဒါန်းငွေကျပ် ၅၀၀၀ တို့ကို ဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင်က ဖွင့်လှစ် သည့်စာကြည့်တိုက်များအတွက် စာအုပ်နှင့်ပစ္စည်းများ ပေးအပ်သည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**



**မုဒုံမြို့ မေတ္တာကာရီ နာရေးကူညီမှုအသင်းသို့ ဧပြီ ၁၇ ရက်က မုဒုံမြို့ မြနန္ဒာလမ်း အမှတ် (၁၁)နေ ကျောင်းအုပ်ဆရာကြီး (အငြိမ်းစား) ဦးထွန်းတင်က ငွေကျပ်နှစ်သိန်း ပေးအပ် လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဒေါက်တာမြင့်ဦး လက် ခံ ယူ ပြီး ဂုဏ်ပြု မှတ်တမ်း ပြန်လည်ပေးအပ်စဉ်။** (မြို့နယ် ပြန်/ဆက်)

## မန္တလေးစာပေခရီးအမှတ်(၃) ထုတ်ဝေရေးညှိနှိုင်းစည်းဝေး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးသို့ စာမူများပေးပို့နိုင်

မန္တလေး ဧပြီ ၆

**မန္တလေးစာပေခရီးအမှတ်(၃)ထုတ်ဝေနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ်၄ ရက် မွန်းလွဲပိုင်းက ၄၁ လမ်းရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဇဟိုအမှုဆောင် ဒေါက်တာ မောင်မောင်နေအိမ်တွင် ကျင်းပသည်။**

**ရှင်းလင်းတင်ပြ**

ရေးဦးစွာ ဇဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က အမှာစကားပြောကြားပြီး ဒေါက်တာ မောင်မောင်က စတုတ္ထအကြိမ်စာပေ ညီလာခံအကြို မန္တလေးစာပေခရီးအမှတ်(၃)ထုတ်ဝေရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က စာအုပ်ထုတ်ဝေရေးအတွက် ထောက်ပံ့ ကူညီငွေကျပ်နှစ်သိန်း ပေးအပ်ခြင်းကို ရှင်းလင်းတင်ပြသည်။

**ပေးပို့နိုင်**

ထို့နောက် တက်ရောက်လာကြသော မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ဆွေးနွေးကြပြီး မန္တလေးစာပေခရီး အမှတ်(၃) ထုတ်ဝေရေးအတွက် နာယက ဒေါက်တာမောင်မောင်၊ ဥက္ကဋ္ဌ ဦးရွှေ၊ အတွင်းရေးမှူး ဦးထွဏ်းလှအောင်တို့ ပါဝင်သော ထုတ်ဝေရေးကော်မတီများကို ဖွဲ့စည်းပြီး မန္တလေးစာပေခရီးအမှတ်(၃)အတွက် စာမူများကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးများသို့ ပေးပို့နိုင်ကြောင်း သိရသည်။

(၁၆၂)



### ကျေးလက်လမ်းဖောက်လုပ်ပြီးစီးမှု

**မြေပုံမြို့နယ် မြေပုံ-ကျောက်မော်ကြီး ကျေးလက်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေကို မတ်၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့က ရှင်းလင်းတင်ပြကြစဉ်။**

(မြို့နယ် စည်ပင်)



## မြန်အောင်မြို့၌ ရေပေးရေး လုပ်ငန်းဆောင်ရွက်

**မြန်အောင် ဧပြီ ၉**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးခဲ့သော မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက် ရန်နိုင်အေးကွက်သစ် ရေပေးရေးလုပ်ငန်းစတင်လျက်ရှိရာ ရပ်ကွက်နေပြည်သူများ လာရောက်သယ်ယူမှုကို မတ်၂၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းနှင့်ရပ်မိရပ်ဖများ ကြီးကြပ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လုပ်ငန်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်သော နှစ်လက်မစက်ရေတွင်း၊ ရေစက်ရုံနှင့်ဂါလန် ၁၆၀၀ ဆံ့ရေဝေကန်များဖြစ်ပြီး ငွေကျပ် ၁၀ သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

## ပထမပြန်စာမေးပွဲ ဖြေဆိုအောင်မြင်သော သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်

**ပေါင်းတည် ဧပြီ ၅**

ပေါင်းတည်မြို့၌ (၂၀၀၅)ခုနှစ်က ပထမပြန်စာမေးပွဲ၌ ဖြေဆိုအောင်မြင်ခဲ့သော ဆရာတော်၊ သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းသည့်အခမ်းအနားကို မတ် ၂၄ ရက်က သကျမုနိမိုးကောင်းဘုရားကြီးအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးဆိုင်ရာများကို သာသနာရေးဦးစီးမှူး ဦးသန်းချိုကလည်းကောင်း၊ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စဆောင်ရွက်ထားရှိမှုကို ပထမပြန်အကျိုးတော်ဆောင်အသင်း ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဝင်းမြင့်က တင်ပြလျှောက်ထားသည်။

ထို့နောက် အမှုဆောင် ဦးဉာဏ်မြင့်က အလှူရှင်စာရင်းကို ဖတ်ကြားတင်ပြရာ နာယကဆရာတော်များနှင့် ဆရာတော်၊ သံဃာတော် ၂၄ ပါးအား စုပေါင်းလှူဒါန်းသည့်ငွေများနှင့် ပါဠိပထမပြန်စူဠဘွဲ့နှင့်သဘင် ငွေပဒေသာပင်အတွက် ဦးကိုကိုကြီး-ဒေါ်အေးကြည်မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းသည်။

**(၃၃၁)**

# လှိုင်သာယာမြို့နယ်၌ တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်န်းကပ်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၊ စိန်ဖူးတော်တင်လှူပူဇော်

**ရန်ကုန် ဧပြီ ၂၃**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ငွေပင်လယ် ရေလုပ်ငန်း စက်မှုဇုန် ဘောဂဝတီကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်၊ မြသပိတ်၊ ရွှေကြာသက်န်းကပ်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် နဂါးရုံ မုစလိန္ဒာရုပ်ပွားဆင်းတုတော် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို၍ အထက်ဌာပနာတော်သွင်းပေးပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးသည်။

**တက်ရောက်ကြည်ညို**

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး *စာမျက်နှာ ၈ ကော်လံ ၁* ✻



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မဟာတေဇမုနိစေတီတော်တွင် ငှက်မြတ်နားတော်ကို တင်လှူပူဇော်စဉ်။**
(သတင်းစဉ်)

# သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်တော်စီမင်္ဂလာနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အလှူငွေများလက်ခံ

**ရန်ကုန် ဧပြီ ၂၃**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမ ဒီဂရီကောလိပ်လမ်းထောင့်ရှိ သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီးဆောက်လုပ်မည့်ဝင်းအတွင်း၌ ကျင်းပသည့် သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားနှင့် သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး နဝရတ်ကိုးပါးစီခြယ်ထားသော ရတနာရွှေကြုတ်တော်ကို အုတ်မြစ်တော်အလယ်ဗဟို၌ ထည့်သွင်းမြှုပ်နှံပေးပြီး အလှူငွေများကို လက်ခံသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ *စာမျက်နှာ ၉ ကော်လံ ၃* ■

**အလှူငွေများ ပေးအပ်လှူဒါန်း**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)




## မိုးလေဝသအခြေအနေ

**နေပြည်တော်မြို့တော်**

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဧပြီ ၂၄ ရက်) မွန်းလွဲ၊ ညနေပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ၊ ညနေပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေး**

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ၊ ညနေပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။